မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန် တောင်အာဖရိကနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူးမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စစ် မေတေး အင်နာကိုအာနား မာရှာဘာနေ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဈေးကွက်အချက်အချာကျမြို့များ၌ ကုန်စည်ဒိုင်များဖြစ်ထွန်းရေး၊ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက် ရောင်းသူဝယ်သူ ဈေးကွက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဧပြီ ၂၆

ဈေးကွက်အချက်အချာကျသော မြို့များ၌ ကုန်စည်ဒိုင်များ ထပ်မံဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်များ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရောင်းသူဝယ်သူ ဈေးကွက်ဖြစ်ထွန်းအောင် ဝိုင်းဝန်း ကြိုးပမ်းသွားကြရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာများ၊ ဆန်စပါးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ မုံရွာစက်မှုဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၅* ◆

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ သီးနှံ၊ သားငါး ရောင်းဝယ်သူများဖြင့်စည်ကား

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - သိန်းဇော် (ရွှေလီဦး)

မူဆယ် ဧပြီ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် နယ်စပ်ဒေသ ကုန်စည်ကူးသန်းသူများဖြင့် တစ်နေ့တခြား စည်ကားလာလျက်ရှိသည်။ ရောင်းဝယ်ဖောက်ကားသည့် ကုန်ပစ္စည်းကလည်း စုံလှသည်။

စည်ကား

တရုတ်-မြန်မာ နယ်စပ်အနီး ထင်ရှားသည့် စီးပွားရေးဈေးကွက် တစ်ခုဖြစ်သဖြင့် ကုန်သည်များဖြင့် စည်ကားနေခြင်းဖြစ်သည်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် မန္တလေး၊ လားရှိုး၊ မူဆယ် ပြည်ထောင်စု လမ်းမကြီးဘေး မူဆယ်ရောက်ရန် ခုနစ်မိုင်ခန့်အလိုတွင် တည်ရှိသည်။

စာရေးသူ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ခရီးထွက်ခဲ့သည်။ တပေါင်းမိုး၊ တန်ခူးမိုးတို့ အငွေ့အသက်များကြောင့် မိုးရိပ်များ ဝေမှိုင်းနေသည့် ကောင်းကင်အနားသပ်ထားသော တောင်ကုန်းတောင်တန်းများကို အဝေးကလှမ်းမြင်ရပြီးနောက် ကုန်သွယ်ရေးဇုန်ကို ကျောက်တောင်များအကြား ဘွားခနဲ တွေ့လိုက်ရသည်။

မြင်ကွင်းများကား အံ့သြလောက်စရာပင်။ မြန်မာပြည်အရပ်ရပ်မှ ကားကြီး၊ ကားငယ်များ၊ အရောင်းအဝယ်သမားများ စုဝေးရောက်ရှိလာနေသလား ထင်မှတ်လောက်အောင် စည်ကားနေသည့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီးက ဆီးကြိုနေသည်။ စာရေးသူ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ *စာမျက်နှာ ၅ ကော်လံ ၁* ✻

ဈေးကောင်းရနေသော သခွားမွှေးသီးများ အရောင်းအဝယ်ဖြစ်နေသည်ကို ဤသို့တွေ့မြင်ရသည်။

27-4 (01).pmd 1 4/27/2011, 1:48 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်)

အခြေခံအဆောက်အအုံများ အကျိုးရှိစွာ အသုံးချ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ကိုင်

ပြည်ထောင်စုတစ်ဝန်း အရှေ့အနောက်၊ တောင်နှင့်မြောက် မြစ်များ၊ ချောင်းများ၊ တောင်တန်းများ မည်သို့ပင် ကာဆီးနေစေကာမူ ယနေ့အချိန်အခါတွင် အချိန်ရာသီမရွေးသွားလာနိုင်ရန် မြစ်ကူး ချောင်းကူး တံတားကြီးများ၊ ကားလမ်းမကြီးများ၊ ရထားလမ်းများ တည်ဆောက်ဖောက်လုပ်ထားပြီးဖြစ်၍ လိုရာခရီးသို့ လွယ်ကူစွာ သွားလာနိုင်နေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အောက် တံတား ၃၃၀၅စင်းနှင့် ပေ ၁၈၀ နှင့်အထက် တံတား ၁၉၈ စင်းသာရှိခဲ့ရာမှ ယခုအခါ ပေ ၁၈၀ အောက် တံတားစင်း ၆၆၂၀နှင့် ပေ ၁၈၀ အထက် တံတား ၄၆၃ စင်းရှိခဲ့သဖြင့် ယခင်ကထက် သိသိသာသာ တိုးတက်များပြားလာခဲ့သည်။ ယခုအခါ တည်ဆောက်ပြီး တည်ဆောက်ဆဲ ဧရာဝတီမြစ် ဖြတ်ကျော်တံတားကြီး ၁၄ စင်းရှိရာ တည်ဆောက်ပြီး တံတားကိုးစင်းနှင့် တည်ဆောက်ဆဲတံတား ငါးစင်းဖြစ်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်းသို့ ဧပြီလ ၂၄ ရက်နေ့က ရောက်ရှိခဲ့ရာတွင် "ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ရာ၌ အခက်အခဲအချို့ကို မလွဲမသွေကြုံတွေ့ရနိုင်ကြောင်း၊ ပြီးစီးနိုင်မည့်တံတားများကို ပြီးစီးသင့်သည့် အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း" မှာကြားခဲ့ပေသည်။

ယင်းတံတားကြီးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၇၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ဧရာဝတီတံတား (ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်း တည်ရှိသည်။ ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်း တံတားအရှည် စုစုပေါင်း ၁၃၅၃၇ ပေ၊ မီးရထားလမ်း တံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေ ဖြစ်သည်။

ပခုက္ကူမြို့သည် မြန်မာပြည်အထက်ပိုင်း ဒေသထွက်ကုန်သီးနှံများကို အဓိကရောင်းဝယ်ဖောက်ကားလျက်ရှိသည့် မြို့ဖြစ်သည်။ အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဒေသခံပြည်သူများ လုပ်ငန်းပိုမို တွင်ကျယ်လာမည်ဖြစ်ပြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ပခုက္ကူမြို့နှင့် အရှေ့ဘက်ခြမ်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

တည်ဆောက်ဆဲ တံတားများ မြန်မြန်ပြီးစီးပါက ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးထူး ခံစားရမည်ဖြစ်ပြီး စီမံကိန်းဝင်လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခု ပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်က အဓိကကျသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိပြီး ဆက်လက်၍လည်း တည်ဆောက်ပေးသွားမည်ဖြစ်ရာ ပြည်သူများအပိုင်းကလည်း ထိထိရောက်ရောက် အကျိုးရှိစွာအသုံးချ၍ မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေး ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများ နာသုံးနာနှင့်အညီ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံသားတိုင်းအခြေခံပညာ သင်ယူခွင့်ရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေးအရည်အသွေးမြင့်မားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများသည် နာသုံးနာနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ရှိ ရွှေရတုခန်းမ၌ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနား၌ ပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူး ရုံးများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လိုက်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေရွှေမော်နှင့် အဖွဲ့ဝင်များ သက်ကြီးဘိုးဘွားများအား အပတ်စဉ် အခမဲ့ ဆေးကုသပေးလျက်ရှိရာ မတ် ၂၉ ရက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဆေးကုသပြီးနောက် အလှူငွေများ ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

အလက(၂)သဃ်န်းကျွန်း(သုဝဏ္ဏာ) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

အလက(၂)သဃ်န်းကျွန်း (သုဝဏ္ဏာ) ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ၁၉၈၀ မှ ၂၀၁၀ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော အသက် (၆၀)ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကန်တော့ခံသက်ကြီး ဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ်တိုင်ကိုယ်ကျ တက်ရောက် အပူဇော်ခံပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ (မည်သည့်နှစ်မဆို) တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

စေတုတ္တရာမြို့၌ စက်ရေတွင်းတူးဖော်

စေတုတ္တရာ ဧပြီ ၂၆

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြေနီကုန်းကျေးရွာ၌ (၁၇)ကြိမ်မြောက် အလှူရှင်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဧပြီ ၂၂ရက် က အမှုဆောင်အရာရှိ ဦးမောင်မောင်ခင် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီ စည်းဝေးမည်

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မေ ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ Myanmar International Convention Centre (MICC)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အသင်းချုပ်မှစီစဉ်သော ရန်ကုန်-နေပြည်တော် နေ့ချင်းပြန် မော်တော်ယာဉ်ဖြင့် လိုက်ပါတက်ရောက်လိုသော အသင်းသားများသည် အသင်းချုပ်ရုံးတည်ရှိရာ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၃၄၄ မှ ၄၉ အထိ တို့သို့ ဧပြီ ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ပြီး တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော မြို့အဝင် ဆိုင်းဘုတ်အနီး မြေယာရှင်းအလှပြုပြင်ခြင်းကို လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း YPGG (ရန်ကုန်)၏ အကြိမ် (၄၀)မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော် (ငွေသော်တာ)ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်းပါဝင်နိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၀၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ရန်ကုန်မြို့တော်ဂေါက်ကွင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှငွေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှငွေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ Research & Analysis Wing Secretary Shri S.K. Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေ၊ ဗိုလ်ချုပ်သူရသက်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်အား အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှုရစ်ဖ် ယူဆွတ်ဖ် အာဘတ်စ်၏နေရာတွင် မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်သည် ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးဘွဲ့ရရှိခဲ့သည်။ ပါရီ၊ ဖရန့်ဖတ်၊ မဒရစ်နှင့် ဘူကီနားဖာဆို ရှိ အီဂျစ်သံရုံးများ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ဗဟိုအာဖရိကနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့နှင့် တောင်အာဖရိကဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်သည် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားတို့ကို တတ်မြောက်သည်။ ၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံအစိုးရက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ကို အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာ ရာဂျမ်ရှေရာဒရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ လှူဒါန်း

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသို့ အိန္ဒိယသမ္မတနိုင်ငံ အစိုးရက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက်လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကို အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာ ရာဂျမ်ရှေရာဒရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



(၈)ကြိမ်မြောက် အာဆီယံအကောက်ခွန်နှုန်း အမည်ပေးစနစ် အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၆

(၈)ကြိမ်မြောက် အာဆီယံအကောက်ခွန်နှုန်း အမည်ပေးစနစ် အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး [The 8th Meeting Of The ASEAN Harmonized Tariff Nomenclature (8th AHTN) Task Force] ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကျင်းပသွားမည်

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ အကောက်ခွန်ကိုယ်စားလှယ် အရာရှိများတက်ရောက်၍ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းနှင့် အာဆီယံ အကောက်ခွန် အမည်ပေးစနစ်ဆိုင်ရာအချက်အလက်များကို ဆွေးနွေးကြပြီး အစည်းအဝေးကို ဧပြီ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၇။ **စိမ်းလန်းစိုပြည်…ကမ္ဘာမြေ**
- ၈း၂၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၅ ၃။ အကပြိုင်ပွဲ
- ၄း၂၀ ၄။ တေးဂီတအစီအစဉ်
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ သီချင်းကြီးပဒေသာ
- ၅း၀၅ ၈။ **မြူတိမ်ကင်းသောနေ့**
- ၅း၁၅ ၉။ တေးဂီတအစီအစဉ်
- ၅း၂၅ ၁၀။ International Science News
- ၅း၃၀ ၁၁။ **ရောင်စုံရေးသီတေးပန်းချီ**
- ၅း၄၅ ၁၂။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၆း၀၀ ၁၃။ ညနေခင်းသတင်း
- ၆း၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၆။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၇။ ရသပေါ်လွင်သရုပ်ဆောင် လွင်ပြင်
- ၇း၃၀ ၁၈။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၃)
- ၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း **ဒေါ်မိမိခိုင်၏ဖြောင့်ချက်** ထွန်းထွန်း၊ မြင့်မြတ်၊ မင်းဟိဏ်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကုသိုလ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ တရားတော်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာ့ရှုခင်း
- ၇း၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ လျှပ်တစ်ပြက်
- ၄း၄၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၈။ ရှေးဟောင်းသုတ
- ၅း၀၀ ၉။ အားလုံးရဲ့တာဝန်
- ၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၅၉)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ Mail Box
- ၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၁၆)
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၁၅)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၇)
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်တောင်ပိုင်းရှိ အကျဉ်းထောင် ဥမင်လိုဏ်တူး၍ ထောင်ဖောက် ထောင်သား ၄၇၀ ကျော် လွတ်မြောက်

ကန်ဒါဟာ ဧပြီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာ အကျဉ်းထောင်တွင် ထောင်အပြင်မှ တူးဖောက်လာသည့် မီတာ ၃၀၀ ကျော်သည့် ဥမင်လိုဏ်ခေါင်းမှတစ်ဆင့် အကျဉ်းသား ၄၇၀ ကျော် ထောင်ဖောက်လွတ်မြောက်သွားခဲ့ကြောင်း ဧပြီ ၂၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပါဝင်နေ

လွတ်သွားသည့် အကျဉ်းသားများတွင် တာလီဘန် လက်နက်ကိုင်များစွာ ပါဝင်နေကြောင်း၊ အချို့ကို ပြန်ဖမ်းမိခဲ့ကြောင်း ကန်ဒါဟာမြို့အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

တူးဖော်ခဲ့

တာလီဘန်ဘက်မှ ပြောခွင့်ရသူတစ်ဦးက ယခု ထောင်ဖောက်သည့် ဥမင်လိုဏ်ခေါင်းကို ၎င်းတို့က တူးဖော်ခဲ့ခြင်းဖြစ်ပြီး ပြီးစီးသည့်အထိ အချိန်ငါးလကျော် ကြာမြင့်ခဲ့ကြောင်း ပြောကြားသည်။ အကျဉ်းထောင်မှ လွတ်မြောက်သူများတွင် တာလီဘန်တပ်မှူးများပါသွားကြောင်း၊ လက်နက်ကိုင်တိုက်ခိုက်ရေးသမား အများအပြားလည်း လွတ်မြောက်သွားကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူကိုယ်ပိုင်ဂြိုဟ်တု အိန္ဒိယလွှတ်တင်

စင်ကာပူ ဧပြီ ၂၆

ဆက်သွယ်ရေး နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အတူ စင်ကာပူနိုင်ငံက ကိုယ်တိုင်ထုတ်လုပ်ထားသည့် ဂြိုဟ်တုကို အိန္ဒိယနိုင်ငံက ဧပြီ ၂၃ရက်တွင် လွှတ်တင်ပေးခဲ့သည်။ **(ဝဲပုံ)**

အလေးချိန် ၁၀၅ကီလိုဂရမ်ရှိ X-SATဟုအမည်ပေးထားသော အဆိုပါဂြိုဟ်တုကို အိန္ဒိယနိုင်ငံ ဆန်းတစ်ဒါဝမ်အာကာသစခန်းက လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်တုသည် ကမ္ဘာ့ပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် မြေတိုက်စားမှုများကိုတိုင်းတာရန် ကောင်းကင်ဓာတ်ပုံများ ရိုက်ကူး ပေးပို့မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှစပြီး ဂြိုဟ်တုများလွှတ်တင်ပေးခဲ့ရာ ယင်းဂြိုဟ်တုလွှတ်တင်မှုမှာ ၁၈ကြိမ်မြောက် လွှတ်တင်မှုဖြစ်သည်။ စင်ကာပူလုပ်ဂြိုဟ်တုကို စင်ကာပူ နန်းယန်နည်းပညာတက္ကသိုလ်နှင့် စင်ကာပူကာကွယ်ရေးသုတေသနအဖွဲ့က တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ စင်ကာပူသိပ္ပံပညာရှင်များက ယင်းဂြိုဟ်တုလွှတ်တင်ရေးအတွက် ကိုးနှစ်ကြာကြိုးစားခဲ့ရပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ပထမဆုံးကိုယ်ပိုင်ဂြိုဟ်တု ပြုလုပ်နိုင်သည့် နိုင်ငံဖြစ်လာသည်။ **(အင်တာနက်)**

အီရတ်ရှိ အမေရိကန်အခြေစိုက်စခန်း ဒုံးကျည်ဖြင့်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံအရှေ့ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုသို့ တစ်ပတ်အတွင်း ဒုတိယအကြိမ် ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒီဝါနီယက်ချ်မြို့အနီး အက်ချ်ကိုးစစ်အခြေစိုက်စခန်းကို ဧပြီ ၂၅ ရက်နှောင်းပိုင်းက ကတ်ယူရှာဒုံးကျည်သုံးခု ထိမှန်ခဲ့ကြောင်း ဖားစ်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားပြီး မကြာမီ ရှာဖွေမှုများပြုလုပ်ရန် အမေရိကန်ရဟတ်ယာဉ်များ စေလွှတ်ခဲ့သည်။ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ၎င်းသတင်းဌာနမှ ထုတ်ပြန်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များ ကျူးကျော်ခဲ့သည့် ၂၀၀၃ ခုနှစ်မှ ယခုအချိန်အထိ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၄၄၀၀ ဦး သေဆုံးခဲ့ပြီဖြစ်သည်။ *(အင်တာနက်)*

ဘရာဇီး၌ ရေလွှမ်း၊ မြေပြိုမှုများဖြစ်ပွားနေ

ရီယိုဒီဂျနေရိုး ဧပြီ ၂၆

ဘရာဇီးနိုင်ငံတောင်ဘက်တွင် မိုးများသည်းထန်စွာရွာသဖြင့် မြေပြိုမှု၊ ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းသဘာဝဘေး ရေကြီး မြေပြိုမှုကြောင့် ဧပြီ ၂၅ ရက်အထိ သေဆုံးသူဦးရေမှာ အနည်းဆုံး ၁၀ ဦးရှိခဲ့သည်။

ထိုသေဆုံးခဲ့သူများတွင် ရီယိုဂရန်ဒီဒိုဆုပ်ပြည်နယ် နိုပိုဟမ်ဘာကိုမြို့မှ အိမ်အချို့ မြေပိပြိုပျက်ခဲ့ခြင်းတွင် သေဆုံးခဲ့ရသည့် ကလေးငယ်သုံးဦးလည်းပါဝင်သည်။ ဆာပူကာရီယာဒေသတွင် ဓာတ်တိုင်လဲကျ၍ လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ပြီး လယ်သမားတစ်ဦးမှာလည်း အဆောက်အအုံပြိုကျရာတွင် သူ့အပေါ်ပိမိ၍ သေဆုံးခဲ့ရပြန်သည်။ **(အပေါ်ပုံ)**

ကယ်ဆယ်ရေးသမားများသည် ရွံ့ညွန်များ ဖုံးလွှမ်းသွားခဲ့သည့် အိမ်ခြေများတွင် ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

ယွမ်သန်း ၂၀၀ တန် ကျောက်စိမ်းဆွဲကြိုး

ယူနန် ဧပြီ ၂၆

တရုတ်နိုင်ငံ၌ ကျောက်စိမ်းများကို တန်ဖိုးမြင့် လက်ဝတ်ရတနာပစ္စည်းများအဖြစ် ပြုလုပ်ရောင်းချလျက်ရှိရာ ဧပြီ ၂၅ ရက်က တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ အရောင်းဆိုင်တစ်ဆိုင်တွင် ယွမ်သန်း ၂၀၀ (အမေရိကန် ဒေါ်လာ သန်း ၃၀)တန်ဖိုးရှိ ကျောက်စိမ်းဆွဲကြိုးတစ်ကုံးကို ရောင်းချရန် ပြသထားသည်။ **(ဝဲပုံ)**

ပြသထား

အဆိုပါ ကျောက်စိမ်းဆွဲကြိုးကြီးကို ကျန်စုပြည်နယ် နန်ကျင်းမြို့ လက်ဝတ်ရတနာအရောင်းဆိုင်တစ်ဆိုင်၌ ပြသထားခြင်းဖြစ်ပြီး ၎င်းကျောက်စိမ်းဆွဲကြိုးမှာ အလေးချိန် ၁၉၉ ဒသမ ၈ ဂရမ်ရှိသည်။

ယင်းကျောက်စိမ်း ဆွဲကြိုးပြုလုပ်ရေးအတွက် ကျောက်စိမ်းအရိုင်းတုံးများကို ဝယ်ယူစုဆောင်းပြီး ကျောက်သွေး ကျွမ်းကျင်ပညာရှင်များက ရှစ်နှစ်ကြာအောင် ပြုလုပ်ခဲ့ရသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

❖❖ မိုးမြင့်လင်းလက် ➢ စုစည်းသည် ❖❖

ကွန်ဂို၌ ကူးတို့ယာဉ်နစ်မြုပ်၊ ခရီးသည် ၇၂ ဦးသေဆုံး

ကင်ရှာဆာ ဧပြီ ၂၆

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကီဗူရေအိုင်ကြီးတွင် ဧပြီ ၂၅ ရက်က ခရီးသည်တင်ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ ခရီးသည် ၇၂ ဦး သေဆုံးခဲ့ကြောင်း ကွန်ဂိုအရာရှိများက ဧပြီ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

နစ်မြုပ်ခဲ့

၎င်းကူးတို့ရေယာဉ်မှာ ခရီးသည်စုစုပေါင်း ၈၀ အား တင်ဆောင်ပြီး ကီဗူရေအိုင်ကြီးအတွင်း ဖြတ်သန်းစဉ် ရုတ်တရက် ရာသီဥတုဆိုးရွားကာ လေပြင်းများတိုက်ခတ်ပြီး ရေလှိုင်းကြီးများရိုက်ခတ်မှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

ကူးတို့ယာဉ်နစ်မြုပ်ရာသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပြီး ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သဖြင့် ခရီးသည်ရှစ်ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ယာဉ်တစ်စီးမီးလောင် ၁၆ ဦး သေဆုံး၊ ၁၉ ဦး ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဧပြီ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း စီဘီမြို့တွင် ဧပြီ ၂၆ ရက်က ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်ခဲ့ရာ ၁၆ ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

မီးရှို့ခဲ့

ဖြစ်ပွားမှုမှာ ခရီးသည် ၄၀ ခန့်အား တင်ဆောင်လာသော ကားတစ်စီးသည် ပက်ရှ်ဝါမြို့မှ ကွီတာမြို့သို့ မောင်းနှင်လာစဉ် စီဘီမြို့အဝေးပြေးကားလမ်းပေါ်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အနီးတွင် အမည်မသိ အကြမ်းဖက်သမားများက ယင်းကားကို မီးရှို့ခဲ့ကြခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ခရီးသည်တင်ကား မီးလောင်ခဲ့ပြီး သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရာ ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက စီဘီမြို့ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဩစတြေးလျ ဂီတပွဲတော်တစ်ခု၌ မူးယစ်ဆေးသုံးစွဲဖြန့်ဖြူးသူ လူငယ် ၄၀ ခန့်အား ရဲတပ်ဖွဲ့ဖမ်းဆီး

ကင်ဘာရာ ဧပြီ ၂၆

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဧပြီ ၂၅ ရက်က ကျင်းပသည့် ဂီတဖျော်ဖြေပွဲတစ်ရပ်၌ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ဖြန့်ဖြူးသူ လူငယ် ၄၀ ခန့်အား ဖမ်းဆီးခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က ဧပြီ ၂၆ ရက်၌ ပြောကြားသည်။

ဖမ်းဆီး

ယင်းဂီတပွဲတော် ဆင်နွှဲနေချိန်၌ လူအုပ်အတွင်း အနံ့ခံခွေးများကို အသုံးပြုကာ ရှာဖွေစစ်ဆေးခဲ့ရာမှ စိတ်ကြွဆေးပြားများ၊ အမ်ဖီတာမင်း မူးယစ်ဆေးပြားများနှင့် အခြားမူးယစ်ဆေးဝါးများကို သုံးစွဲထားသူ လူငယ်များအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

သတိပြု

ယခုကဲ့သို့ ရှာဖွေဖမ်းဆီးရခြင်းမှာ မူးယစ်ဆေးဝါးများသုံးစွဲခြင်းနှင့် တရားမဝင်ဖြန့်ဖြူးရောင်းချခြင်းတို့ကို လူငယ်များသတိပြု ဆင်ခြင်နိုင်ကြရန် အတွက်ဖြစ်ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

✳ ရှေ့ဖုံးမှ

ပို့ကုန်စစ်ဆေးရေး အဝင်ပေါက်မှ ဝင်ရောက်ခဲ့ပြီး ကုန်သွယ်ရေးဇုန်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွန်းထံသို့ သတင်းပို့တွေ့ဆုံမေးမြန်းခဲ့ပြီး ဒုတိယတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလန်းဆန်းဦး၏ စီစဉ်ကူညီပေးမှုဖြင့် ဧရိယာ ဧက ၃၇၀ ကျယ်ဝန်းသော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း ပို့ကုန်များကို စနစ်တကျ စစ်ဆေးပေးနေမှုကို လေ့လာခွင့်ရခဲ့သည်။

(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းကို ဤသို့တွေ့ရသည်။

သီးနှံစုံရောင်းဝယ်

ပထမဦးဆုံး စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများမှ ရောက်ရှိလာသော သစ်သီးများ ရောင်းဝယ်နေသည့် သစ်သီးပွဲရုံသို့ ရောက်ရှိခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ အရောင်းအဝယ်လုပ်သည့် ကုန်သည်များ မြန်မာနိုင်ငံထွက် ဖရဲသီး၊ သခွားမွှေးသီး၊ သရက်သီးများ လေလံတင် ဈေးဖြတ်ရောင်းဝယ်နေသည့် နေရာကိုလည်း လေ့လာခဲ့သည်။ ပို့ကုန်အဖြစ် ၁၂ ဘီး၊ ၁၀ ဘီး၊ ခြောက်ဘီး၊ ဟိုင်းလတ်ယာဉ်ငယ်များဖြင့် တစ်နေ့လျှင် ဖရဲသီးကားအစီးရေ ပျမ်းမျှ ၇၀ ခန့် အဝင်ရှိပြီး သခွားမွှေး ကားများကလည်း ခြောက်ဘီးကား၊ ဒိုင်နာကားများဖြင့် ပျမ်းမျှ အစီး ၈၀ ခန့် ရှိကြောင်း သိရသည်။

သရက်သီး ကားများကလည်း ဒိုင်နာ၊ ဟိုင်းလတ် ကားများဖြင့် တစ်နေ့ ပျမ်းမျှအစီး ၂၀ခန့် အဝင်ရှိနေကြောင်း သိရသည်။ အထူးသဖြင့် သခွားမွှေးသမားများ ဈေးကောင်းရနေကြောင်း ကိုယ်တိုင်လာရောင်းချသော ချောင်းဦးမြို့နယ်မှ တောင်သူ ဦးစိုးမြတ်က ပြောပြသည်။

ထို့အပြင် ပို့ကုန်ဌာနများတွင် လယ်ယာထွက်ကုန်မျိုးစုံနှင့် သစ်တောထွက်ကုန်ပစ္စည်းမျိုးစုံ ရောင်းဝယ်နေသည်ကို တွေ့ရသည်။ ပုစွန်၊ ကဏန်း စသည့် ရေထွက်ကုန်များ တင်ဆောင်လာသော ကားများမှာလည်း ၁၀စီးမှ ၂၅စီးအထိ ရှိကြောင်း လေ့လာသိရှိရသည်။ သွင်းကုန်အဖြစ် တရုတ်ပြည်ဘက်မှ အဝတ်အထည်နှင့် အခြားအိမ်သုံးပစ္စည်းများကို တင်သွင်းကြောင်း သိရှိရသည်။

ရေထွက်ပစ္စည်းအရောင်းအဝယ်

ပန်ဆိုင်း(ကြူကုတ်) ဘက်အထွက် ဂိတ်ပေါက်အနီးတွင်ရှိသော ရေထွက်ပစ္စည်းများတင်ပို့ရာ အအေးခန်းများဆီသို့ စာရေးသူ ဆက်လက်ရောက်ရှိလေ့လာခဲ့သည်။ ရေထွက်ကုန်ပစ္စည်းတင်ပို့နေသော ကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်သို့ ဝင်ရောက်လေ့လာကြရာ ကဏန်းကားများ၊ ငါးရှဥ့်ကားများ ဝင်ထွက်နေကြသည်ကို တွေ့ရှိခဲ့ရသည်။ အမျိုးသား ကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် မြန်မာကဏန်းပြည်ပပို့ကုန်ရောင်းဝယ်ရေးစခန်းတွင် အသင့်တွေ့ရှိရသော ငါးလုပ်ငန်းဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းမြင့်၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်မန်နေဂျာ ဦးတင်မောင်ဝင်းတို့က ရေထွက်ပစ္စည်းပို့ကုန်များနှင့် စပ်လျဉ်း၍ လိုက်လံရှင်းပြပေးသည်။ ကဏန်းပို့ကုန်များ သယ်ယူလာသည့် ကားများမှ ကဏန်းတာများချ၍ ပြန်လည်သန့်စင်ရွေးချယ် ထုပ်ပိုးနေမှုများ၊ ရေထွက်ကုန်ပစ္စည်းများဖြစ်သော ငါး၊ ပုစွန်များထားရှိရာ အအေးခန်းများ စနစ်တကျသိုလှောင်ထားရှိမှုတို့ကို လေ့လာတွေ့ရှိခဲ့ရသည်။



ဒေသအသီးသီးမှရောက်ရှိလာသော ဖရဲသီးကားများကို ဤသို့တွေ့ရသည်။

မြင်တွေ့ခဲ့ရ

သို့ဖြင့် ကားကြီး၊ ကားငယ်များဖြင့် ပစ္စည်းမျိုးစုံတင်ဆောင်၊ ဝင်ထွက်နေမှုများ၊ တာဝန်ကျ ဌာနဆိုင်ရာဝန်ထမ်းများ၏ ဖျတ်လတ်သွက်လက်စွာ တာဝန်ထမ်းဆောင်နေမှုများကို မြင်တွေ့ခဲ့ရသလို မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည့် မြန်မာ-တရုတ်နယ်စပ် ကုန်စည်ပြပွဲ (၂၀၁၁) အတွက် ပြင်ဆင်ဆောင်ရွက်နေသည့်ပြခန်း၊ ဆိုင်ခန်းများ၊ မုခ်ဦးများကိုလည်း မြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

(မြန်မာ့အလင်း)

ရေထွက်ပစ္စည်း ပို့ကုန်ဖြစ်သည့် ကဏန်းပုံးများကို တွေ့ရစဉ်။

ထစ်ချုန်းမိုး အောက်ပိုင်းဒေသများ၌ရွာနိုင်

နေပြည်တော် ဧပြီ ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဧပြီ ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မအူပင်ခရိုင် မအူပင်မြို့နယ် ရွှေတောင်မော် ကျေးရွာအမှတ်(၇) ရပ်ကွက်၌ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်က ကျင်းပရာ ကျေးရွာအုပ်စုအတွင်းရှိ သက်ကြီးရွယ်အိုအဘိုး အဘွားများအား ရွှေတောင်မော်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးပုနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးရေး အထောက်အကူပြု စကားဝိုင်းဆွေးနွေးမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း(MRIA) သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နည်းပညာအကူအညီရယူပြီး ၂၀၁၁ခုနှစ် မိုးစပါးရာသီမှ စတင်၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များ၊ အထွက်နှုန်းတိုးစေရန် ဆောင်ရွက်ရမည့်အစီအမံများကို အသိပညာပေး ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အဆိုပါ အထောက်အကူပြုဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဧပြီ ၂၇ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ပါရာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ၊ လယ်ယာလုပ်ကိုင်သူ တောင်သူဦးကြီးများ၊ ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူ (ဆန်စက်ပိုင်၊ ကုန်သည်များ)နှင့် စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဖုန်း-၀၁-၂၁၈၂၆၆၊ ၂၁၈၂၆၈တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးကာ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ဆန်စပါးလုပ်ငန်းအသင်း)**

လျှေင်ဒဏ်သင့် ကျကူနီကျေးရွာသွားလမ်း ကွန်ကရစ်ပိုက်များတပ်ဆင်

တာချီလိတ် ဧပြီ ၂၆

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ငလျင်ဒဏ်သင့် ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် တာလေမြို့နှင့် ကျကူနီကျေးရွာဆက်သွယ်သော လမ်းပေါ်ရှိ ရေချောင်း (၁၂)ချောင်းတို့အား ဧပြီ ၂၁ရက် နံနက်မှစ၍ စက်ယန္တရားဖြင့် ကွန်ကရစ်ပိုက်များ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ လုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင် သွားရောက်ကြည့်ရှုပြီး အမြန်ပြီးစီးရေး စီမံဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကျင်းပ

လေးမျက်နှာ ဧပြီ ၂၆

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်တားဆီးရေး သရုပ်ပြလေ့ကျင့်နေမှုကို ဧပြီ ၁၈ ရက်က မြို့မဈေးအတွင်း ကျင်းပရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer, Mr. Yongsit Rojsrivichaikul နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆-၄-၂၀၁၁

နေပြည်တော်(ရေဆင်း)	၀ ဒသမ	၂၈ လက်မ
ညောင်လေးပင်မြို့	၂ ဒသမ	၆၄ လက်မ
ပုသိမ်မြို့	၂ ဒသမ	၂၈ လက်မ
တောင်ငူမြို့	၁ ဒသမ	၃၀ လက်မ
ဖြူးမြို့	၁ ဒသမ	၃၀ လက်မ
သရက်မြို့	၁ ဒသမ	၂၀ လက်မ
မြိတ်မြို့	၀ ဒသမ	၉၀ လက်မ
ကျိုက္ခမီမြို့	၀ ဒသမ	၈၃ လက်မ

◆ ရှေ့ဖုံးမှ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ ဗိုလ်ချုပ်လမ်း အောင်မင်္ဂလာရပ်ကွက်ရှိ အသစ်ဖွင့်လှစ်ရန် တည်ဆောက်နေသော မြန်မာနိုင်ငံသားများဘဏ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ နန္ဒဝန်တိုးချဲ့ရပ်ကွက်ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး တိုင်းဒေသကြီး မန်နေဂျာရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်မိရပ်ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများအား တွေ့ဆုံဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများအား ယနေ့ နံနက် ၈ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ဆောင်ရွက်ရမည့် ပညာရေးလုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မုံရွာမြို့ မြစန္ဒာခန်းမ၌ တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လှူမိတ်ဆွေ

ထိရောက်သောဆေးဝါးအသုံးပြုမှုကို လူနာအများရရှိရန် လိုအပ်နေသေး ပြည်သူများ ယုံကြည်အားကိုးသည့် ဆေးရုံကြီးများဖြစ်အောင် ကြိုးစား

နေပြည်တော် ဧပြီ ၂၆

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းသည် ပြည်သူများ၏ အသက်နှင့် ရင်းနှီးရသည့်အတွက် အထူးဂရုစိုက် အလေးထားဆောင်ရွက်ရန်၊ လူအများ၏ အသက်နှင့် ရင်းနှီးရသည့် ကျန်းမာရေးစောင့်ရှောက်ရေး လုပ်ငန်းတွင် နိုင်ငံတော်က ခွင့်ပြုဘဏ္ဍာငွေနှင့် လူနာအတွက် အသုံးပြုရန် ထောက်ပံ့မှုများကို အလွဲသုံးစား အကျိုးမဲ့မဖြစ်စေရန်၊ မကုန်သင့်သည်ကို မကုန်စေဘဲ အလေအလွင့် မရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ရန်၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဇောက်ချ၍ အောင်မြင်အောင် ဆောင်ရွက်သည့် မည်သူ့ကိုမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို မုဒိတာပွားကာ အချင်းချင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အစည်းအဝေးခန်းမ၌ ဗဟိုအဆင့် ဆေးရုံကြီးများရှိ ဆေးရုံအုပ်များအား မှာကြားသည်။ **(ဝဲပုံ)**

ကြိုးစား

ဆက်လက်၍ တိကျသောကုသမှု၊ ထိရောက်သော ဆေးဝါးအသုံးပြုမှုကို လူနာအများရရှိရန် လိုအပ်နေသေးကြောင်း၊ ပြည်သူအများ ယုံကြည်အားကိုးသည့် ဆေးရုံကြီးများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့်လည်း ဝန်ကြီးက ထပ်လောင်းမှာကြားခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အထူးကုဆေးရုံ (သာကေတ) သို့သွားရောက်၍ လူနာကုသဆောင်များ၊ နှစ်သိမ့်ဆွေးနွေးပညာပေးခန်း၊ ဓာတ်ခွဲခန်း၊ တိုးချဲ့ဆောက်လုပ်သည့် အဆောက်အအုံနေရာ၊ ဓာတ်မှန်ခန်း၊ လူနာမိသားစုတည်းခိုဆောင်များ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု လုပ်ငန်းခွင်နှင့် သွားဆေးကုသခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

လှူဒါန်း

အထူးကုဆေးရုံ (သာကေတ)သို့ ပြည်ထောင်စုဝန်ကြီး လာရောက်ကြည့်ရှုစစ်ဆေးစဉ် ဆေးရုံခန်းမ၌ စေတနာရှင် ဦးမျိုးဝင်းမိသားစုက ဆေးရုံအတွက် တီဗွီ၊ အောက်စက်နှင့် Sound Box တစ်စုံကိုလည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က စက်ရေတွင်းတူးဖော်ရန် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်လမ်းဆောင်ရွက်ရေး ကွင်းဆင်းတိုင်းတာ

ငဖဲ ဧပြီ ၂၆

ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမင်းသန့်တို့သည် ဧပြီ ၂ ရက်က ငဖဲမြို့နယ် ဆူးပဒေါင်း ကျေးရွာနှင့် ပုသိမ်-မုံရွာ အဝေးပြေးလမ်းမ ဆက်သွယ်သည့် ကျေးလက်လမ်း တစ်မိုင် သုံးဖာလုံကို ကျောက်ချောလမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

မြန်အောင်မြို့အဝင် သာယာလှပရေးဆောင်ရွက်

မြန်အောင် ဧပြီ ၂၆

မြန်အောင်မြို့အဝင် ဆိုင်းဘုတ်နှင့် မြေယာရှုခင်းများ၊ ပန်းအလှပင်များ ပြုပြင်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းစသည့် သာယာလှပရေးလုပ်ငန်းများကို ဧပြီ ၉ ရက်က အမှုဆောင်အရာရှိ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပင်ရွှေညောင်လမ်း မွန်မြတ်မေတ္တာအိမ်ရာနေ ဗိုလ်ချုပ်သန်းအောင်-ဒေါက်တာဝင်းဝင်းမြ၊ သား မောင်ထက်ပိုင်၊ သမီး မြတ်သဇင်မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

တာချီလိတ်ခရိုင် တာလေမြို့၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်

တာချီလိတ် ဧပြီ ၂၆

မတ် ၂၄ရက်က တာချီလိတ်ခရိုင် တာလေမြို့၌ အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့သည်။ ထိုပြိုကျပျက်စီးမှုများကို နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များ၏ စုပေါင်းအားဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုကို တာလေ ငလျင်ဒဏ်ခံဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် မြေငလျင်ဒဏ်သင့်ဒေသများ၌ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ဧပြီ ၂၄ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပံ့ပိုးဆောင်ရွက်

ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရှေးဦးစွာ တာလေမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ တာလေအခြေခံပညာအထက်တန်းကျောင်း**(အောက်ပုံ)**၊ ပြည်သူ့ဆေးရုံပင်မဆောင်နှင့် ယာယီဆေးကုသဆောင် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ယာယီကျန်းမာရေးဌာနတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များအား ပံ့ပိုးဆောင်ရွက်ပေးသည်။

ကူညီဆောင်ရွက်

ထို့နောက် မိုင်းလင်းကျေးရွာအုပ်စုတွင် လူနေအိမ်များ ပြန်လည် တည်ဆောက်ပေးရန် စီမံထားရှိမှုနှင့် သာသနိက အဆောက်အအုံများ တည်ဆောက်ပြုပြင်မှုလုပ်ငန်းများအတွက် သစ်၊ သွပ်၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ဝ၆ဝ)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပလတ်စတစ်အိတ်စက်ရုံများအားလုံး ပိတ်သိမ်းမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပလတ်စတစ်အိတ်အမျိုးမျိုး(ကြွပ်ကြွပ်အိတ်အမျိုးစုံနှင့် ပလတ်စတစ်ကြိုး) ထုတ်လုပ်သည့်လုပ်ငန်းများကို ဧပြီ ၂၁ ရက် နောက်ဆုံးထား ပိတ်သိမ်းရန်နှင့် ပိတ်သိမ်းခြင်းမပြုပါက လုပ်ငန်းလိုင်စင်စာရင်းမှပယ်ဖျက်၍ စည်ပင်သာယာဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများက အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရှိရသည်။

ထို့အတူ မြို့နယ်များအတွင်းရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်များသို့လည်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ကြိုးများ ထုတ်လုပ်၊ သိုလှောင်၊ ရောင်းချခြင်းများကို ဧပြီ ၂၂ ရက်မှ စတင်ကာ ခွင့်မပြုတော့ကြောင်း၊ လိုက်နာမှုမရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းမည်ဖြစ်ကြောင်းဖြင့် အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ဆီဆိုင်၌ မိုးသက်လေပြင်းတိုက်ခတ်

ဆီဆိုင် ဧပြီ ၂၆

ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာတွင် ဧပြီ ၂၃ ရက် ညနေ ၃နာရီ ၄၅ မိနစ်ခန့်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ကြောင်း သိရှိရသည်။

ထိခိုက်မှုမရှိ

အဆိုပါမိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဆိုက်ခေါင်စံပြကျေးရွာရှိ သီရိရပ်ကွက်မှ လူနေအိမ် ၁၄ လုံး၊ တံတားဦးရပ်ကွက်မှ လူနေအိမ် ၁၁ လုံး၊ ရန်ကင်းရပ်ကွက်မှ လူနေအိမ်တစ်လုံး စုစုပေါင်း လူနေအိမ် ၂၆ လုံးနှင့် အားကစားကွင်းမှ အားကစားရုံ အဆောက်အအုံတစ်ခုပြိုကျခြင်း၊ အမိုးများလွင့်စဉ်ခြင်း စသည်တို့ဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဆောင်ရွက်

မိုးသက်လေပြင်းဒဏ်ခံခဲ့ရသော ဆိုက်ခေါင်စံပြကျေးရွာသို့ ဆီဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းမင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသောင်းထွန်းတို့ ဧပြီ ၂၄ရက် နံနက်ကသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ဝ၅၅)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ် (၁၀၄) သစ်စက် ညောင်ပင်သာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူဒေသမန်နေဂျာ ဦးလှဋ္ဌေး၊ မန်နေဂျာ(အင်ဂျင်နီယာ) ဦးကျော်တင့်၊ စက်ရုံမှူး ဦးတင်မောင်လွင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင့်ဆွေနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများက မီးသတ်ပိုက်များဖြင့် ရေပက်ဖျန်းသရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးအရန်မီးသတ်တပ်ဖွဲ့များပူးပေါင်း သရုပ်ပြလေ့ကျင့်နေမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲမှူး ရွှေပို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဟိုပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း ဧပြီ ၇ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဂါလန် ၃၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်များ တည်ဆောက်ပြီးစီးမှုနှင့် ရေရရှိမှုအခြေအနေများကို ဧပြီ ၄ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ကွင်းဆင်းစစ်ဆေးစဉ်။

(ဝ၆၆)

ပန်းတနော်မြို့နယ် ပန်းနံ့သာဈေးမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ဧပြီ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးမောင်မောင်ဦးတို့က ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ကြစဉ်။

(မြို့နယ်စည်ပင်)

27-4 (07).pmd 1 4/27/2011, 1:48 AM

လယ်/ဆည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား
အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍဆိုင်ရာ နည်းပညာပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီက အလှူငွေ ပေးအပ်စဉ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ
အင်းစိန်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၆

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ကံကြီးတိုးချဲ့လမ်း၌ ကျန်းမာရေးဟောပြောပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ကမ်းနားအလယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျန်းမာရေး ဆရာဝန် နော်သန္တာဆွေနှင့် ဒေါ်ဆွေဇင်ထိုက် (ကျန်းမာရေးမှူး) တို့က ကျန်းမာရေးအကြောင်းသိကောင်းစရာများကို ဟောပြောကြသည်။ **(အောက်ပုံ)**

စုပေါင်းဆောင်ရွက်

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် ကမ်းနားအလယ်ရပ်ကွက် ခေမာလမ်းတွင် ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ရေစည် ရေအိုးများတွင် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဆရာဝန် နော်သန္တာဆွေ၊ ရပ်ကွက်ကျန်းမာရေးမှူး ဒေါ်ဆွေဇင်ထိုက်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာချီလိတ်ခရိုင် တာလေငလျင်ဒဏ်သင့် ဒေသများ
ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်

တာချီလိတ် ဧပြီ ၂၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေငလျင်ဒဏ်ခံသင့် ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးစိုင်းဖိလစ်ရီက အလှူငွေကျပ်သိန်းတစ်ထောင်၊ ဦးရန်ဝင်း (ဥက္ကဋ္ဌ-အေဝမ်းဆောက်လုပ်ရေး ကုမ္ပဏီ)၊ ဦးဖြိုးကိုကိုတင့်ဆန်း (ဥက္ကဋ္ဌ-ACE ဆောက်လုပ်ရေး ကုမ္ပဏီ)၊ ဦးသက်လင်း(ဥက္ကဋ္ဌ-TZTN ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးသာဌေး (ဥက္ကဋ္ဌ-Original Group ဆောက်လုပ်ရေးကုမ္ပဏီ) တို့က ကျပ်သိန်းငါးရာစီ၊ ပန်ဆန်းမြို့နေ ပြည်သူလူထုမှ ကျပ်သိန်းငါးရာ၊ ဦးအောင်ဇော်နိုင် (အုပ်ချုပ်မှုဒါရိုက်တာ-ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီ)က ကျပ်သိန်းနှစ်ရာ၊ ဦးဝင်းနိုင် - ဒေါ်သန်းသန်းဆွေ (WEG ကုမ္ပဏီမိသားစု) က ကျပ်သိန်းတစ်ရာ၊ ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်း (ရွှေသပြေကုမ္ပဏီမိသားစု)က ကျပ်သိန်းငါးဆယ် တို့ကို ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးဘုန်းဆွေက နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် တာလေငလျင်ဒဏ်သင့်ဒေသအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီး ဦးတူးမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

အားပေးစကားပြောကြား

ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် တာလေမြို့ရှိ ပြန်လည်ထူထောင်ရေးစခန်း၌ မြေငလျင်သင့်ပြည်သူများနှင့်တွေ့ဆုံပြီး နေအိမ်များ ပြန်လည်တည်ဆောက်ပေးမည့်အစီအမံများအား ရှင်းလင်းဆွေးနွေးကာ လိုအပ်ချက်များအား ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တာလေမြို့နှင့် မိုင်းလင်း(အနောက်) ကျေးရွာအုပ်စုတို့တွင် နေအိမ်များ စတင်ဆောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကာ မြေငလျင်သင့် ပြည်သူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ဝဖဝ)**

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါ ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဤရောဂါသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) **အစားအစာနှင့် ပတ်သက်၍**

၁။ ယင်နားစာနှင့် အမှည့်လွန်သော အသီးများကိုမစားပါနှင့်။
၂။ သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားပါနှင့်။
၃။ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးပါ။
၄။ အသား၊ ငါးနှင့် အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများကို သီးသန့်ထားပြီး သန့်ရှင်းစွာအသုံးပြုပါ။
၅။ အစားအစာများ၊ အသားငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီး စားသုံးပါ။
၆။ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့်အုပ်ထားပါ။

(ခ) **ရေနှင့်ပတ်သက်၍**

၁။ ရေကို ရေသန့်ဆေးရည်ခတ်၍ဖြစ်စေ၊ ကျိုချက်ပြီးမှဖြစ်စေ သောက်သုံးပါ။
၂။ သန့်ရှင်းသောရေဖြင့်သာ အသား ငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောပါ။ ဖြစ်နိုင်ပါက ရေသန့်ဆေးရည် (ကလိုရင်းဆေးရည်) ခတ်ထည့်ထားသော ရေဖြင့် ဆေးကြောပါ။
၃။ ရေထွက်ပင်ရင်းများ (ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများ)အားပြင်ပရေများစိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွား တိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိစေရန် အကာအကွယ် ပြုလုပ်ပါ။

(ဂ) **လက်သန့်ရှင်းရေးနှင့်ပတ်သက်၍**

၁။ အစာမစားမီ၊ အိုးခွက်ပန်းကန်များမကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။
၂။ လက်ဆေးရာတွင် သန့်ရှင်းသောရေဖြင့် လောင်းဆေးပါ။
၃။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။

(ဃ) **အိုး၊ ခွက်၊ ပန်းကန်များနှင့်ပတ်သက်၍**

၁။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများကို သန့်ရှင်းသောရေဖြင့် လောင်းဆေးပြီး စင်ပေါ်တွင်ထားပါ။
၂။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများအပေါ်သို့ ပိုးဟပ်၊ အိမ်မြှောင်၊ ပုရွက်ဆိတ်များနှင့် ကြွက်များ ဖြတ်ကျော်၍ ညစ်ညမ်းနိုင်သဖြင့် အစားအစာများမထည့်မီ ပြန်၍ဆေးကြောပြီးမှ အသုံးပြုပါ။

(င) **အိမ်သာနှင့်ပတ်သက်၍**

၁။ ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး၊ တစ်မြို့လုံး ဆောက်လုပ်သုံးစွဲပါ။
၂။ အိမ်သာများကို သန့်ရှင်းသပ်ရပ်စွာ အမြဲသုံးစွဲပါ။
၃။ အိမ်သာအထွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာများ အဆင်သင့်ထားရှိပါ။
၄။ အိမ်သာကို ရေတွင်းရေကန်များနှင့် ပေ ၅၀ အကွာ နိမ့်သည့်အရပ်တွင်ဆောက်လုပ်ပါ။

(စ) **ဝမ်းပျက်ဝမ်းလျှောရောဂါတစ်ခုခုဖြစ်လျှင်**

၁။ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။ ထိရောက်စွာ ကုသမှုခံယူပါ။
၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင် ဓာတ်ဆားဖျော်ရည်သောက်ပါ။ မရနိုင်ပါက ထမင်းရည်၊ အုန်းရည်၊ သံပရာရည် စသည်တို့ကို များများသောက်ပါ။
၃။ လူနာ၏ အညစ်အကြေးပေကျံနေသော အဝတ်များကို အခြားအဝတ်များနှင့် မရောနှောဘဲ သီးသန့်လျှော်ဖွပ်ပါ။
၄။ လူနာပြုစုသူသည် မိမိလက်ကို စနစ်တကျ ဆပ်ပြာသုံး၍ ရေလောင်းဆေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကွင်းဆင်းစစ်ဆေး

မှော်ဘီမြို့နယ် မြို့မဈေး၊ ဝါးနက်ချောင်းဈေး၊ မြောင်းတကာဈေးများ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန်
နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**အမြတ်ဆုံးချမ်းသာ** တရားတော် ဆရာတော်အရှင်ပညာဒီပ
၆း၃၅	ထင်ရှားဖူးမြော်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၆)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၄)
၈း၄၅	ပျော်စရာကြီး Live Show (အပိုင်း -၃)
၉း၁၅	Activities in the City [အထက(၂)လမ်းမတော်၏ (၁၂)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲ]
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၀၀	ပန်းများကိုပွင့်စေ မွေးစေသူများသို့ ဦးညွှတ်ခြင်း
၁၀း၂၀	အပန်းဖြေကြည့်ရှုစရာ ဇာတ်ကားမိတ်ဆက်ကဏ္ဍမှာ **မာယာအနမ်းအမှတ်တရကမ်းခြေ** ဇာတ်ကား
၁၀း၃၀	ဓာတ်ပုံထဲမှအမှတ်တရများ (နီနီခင်ဇော်)
၁၁း၀၀	သင်ယူလေ့လာဂီတပညာ (Original of Music Video)
၁၁း၂၀	Artist Ko Thein (Movies Star Colourful 1st Solo Show)
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	သာသနာနုဂ္ဂဟဝေယျာဝစ္စ ဆန်အလှူအသင်းကြီး၏ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ (မင်္ဂလာဒုံမြို့နယ်)
၁၂း၁၅	သမိုင်းဝင်မဟာမေ့မုနိရုံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အထွတ်တင်လှူပူဇော်ပွဲ
၁၂း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားလုံးကြော်နှင့် သခွားသီး မှိုခြောက်ဟင်းချို)
၁း၀၀	**အမြတ်ဆုံးချမ်းသာ** တရားတော် ဆရာတော်အရှင်ပညာဒီပ
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
၃း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၈၆)
၄း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၄)
၅း၀၅	အသည်းအစားထိုးခြင်းနှင့် ပတ်သက်သောသိကောင်းစရာ ဟောပြောခြင်း
၅း၂၅	Activities in the City (Earth Group of Companies Show Room) ဖွင့်ပွဲ
၅း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် (Lucky Time Trading Co.,Ltd. ၏ ဂုဏ်ပြုအခမ်းအနား)
၆း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၈၇)
၇း၂၅	ပျော်စရာကြီး Live Show (အပိုင်း-၄)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Cartoon Show Time (Barbic A Fairy Secret)
၉း၀၅	Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၅)
၁၀း၀၅	နေချင်စဖွယ်အိမ်အလှဆင်မယ် (ကျော်ကြားသူတို့ နားခိုရာ Bollywood Star စန္ဒာဝင်း)
၁၀း၄၅	Mega Star Talk (ခင်မောင်တိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁း၁၀	Industrial Talk
၁၁း၄၀	လှပသစ်ဆန်းအလှပြင်ခန်း J Hair & Beauty Spa
၁၂း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၂း၁၀	World of Knowledge (Super Rig)
၁၂း၅၅	လွယ်ကူမြန်ဆန်စေရာ… စံမြန်မာ
၁း၁၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း -၂)
၁း၄၀	ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား(အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
၁း၄၅	Shooting Location (ဇီဇဝါခြံ)
၂း၀၅	ဖြစ်ထွန်းအောင်မြင် စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
၂း၃၀	Movie Mistake (Matrix)
၂း၅၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
၄း၂၅	တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၅	ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Fulham-Bolton	STAR SPORTS (Live)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ သြစတြေးလျ မြနေသဟာယနိုင်ငံ Rotary Club of Essendon က ဆေးရုံသုံးပစ္စည်း ကိရိယာများ လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၅ နာရီတွင် အဆိုပါ ဆေးရုံကြီး၌ ကျင်းပရာ Rotary Club of Essendon ဥက္ကဋ္ဌ Mr. Glen Smith က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံကာ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)** သြစတြေးလျ မြနေသဟာယနိုင်ငံ Rotary Club of Essendon အနေဖြင့် အဆိုပါ ဆေးရုံကြီးသို့ ၂၀၀၉ ခုနှစ် မေ ၂ ရက်တွင် ပထမအကြိမ် အမေရိကန် ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ် မေ ၂ ရက်တွင် ဒုတိယအကြိမ် အမေရိကန်ဒေါ်လာ ၂၂၀၀၀ တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ စက်ကိရိယာများနှင့် ဆေးဝါးများလှူဒါန်းခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် အရပ်ဘက်အစိုးရ ပေါ်ထွက်လာခြင်း

မေ ၂၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ထုတ်ဝေသော **Beijing Review** အပတ်စဉ်ထုတ်စာစောင်တွင် ဖော်ပြပါရှိသည့် ဆောင်းပါးရှင် **Song Qingrun** ၏ **Civilians Come to Power** ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။ ဆောင်းပါးရှင် **Song Qingrun** သည် တရုတ်မျက်မှောက် နိုင်ငံတကာဆက်ဆံရေး သိပ္ပံ၊ တောင်နှင့် အရှေ့တောင်အာရှဌာနမှ သုတေသနလက်ထောက်တစ်ဦးဖြစ်ပါသည်။

WORLD

Civilians Come to Power

The end of the entrenched military regime will likely put Myanmar on a development track

By SONG QINGRUN

Myanmar's newly elected President U Thein Sein, vice presidents U Tin Aung Myint Oo and Sai Mauk Kham, together with all ministers, took their oaths on March 30, officially ending

မြန်မာနိုင်ငံမှာ အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနဲ့ ဒေါက်တာစိုင်းမောက်ခမ်းတို့အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ကျမ်းသစ္စာကျိန်ဆိုပြီး တာဝန်များ စတင်ထမ်းဆောင်လိုက်ခြင်းဟာ တိုင်းပြည်အတွင်းမှာ စစ်ဘက်မှ အုပ်ချုပ်မှုကို တရားဝင်ရပ်စဲခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ တပ်မတော်အစိုးရက စတင်အကောင်အထည်ဖော်ခဲ့တဲ့ “ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး မူဝါဒလမ်းစဉ် (၇)ရပ်” ဟာ ရည်မှန်းချက်ပြည့်မြောက်သွားတဲ့ သဘောလဲဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေ ထပ်မံဖော်ဆောင်ဖို့ အဆင်သင့်ရှိနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေကို နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မနှစ်က နိုဝင်ဘာလ ၇ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မဲပေးပိုင်ခွင့် ရှိသူဦးရေ ၂၉သန်းရှိတဲ့အနက် ၇၆ ရာခိုင်နှုန်းကျော်ဟာ မဲပေးခဲ့ကြပါတယ်။ ရွေးကောက်ပွဲဟာ ပွင့်လင်းထင်သာမြင်သာမှုရှိပြီး ချောချောမွေ့မွေ့ပဲ ကျင်းပနိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ ရလဒ်တွေအပေါ် တရုတ်၊ အိန္ဒိယ၊ ရုရှားနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက ကြိုဆိုခဲ့ကြပါတယ်။ အနောက်နိုင်ငံတွေကတော့ ရွေးကောက်ပွဲအပေါ် ဝေဖန်မှု ပြုလုပ်ခဲ့ကြပေမယ့် စီးပွားရေးအရ ထပ်မံတားဆီးပိတ်ဆို့မှု ပြုလုပ်တာမျိုးမရှိခဲ့ပါဘူး။ အမေရိကန်ပြည်ထောင်စုရဲ့ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ Joseph Yun ဟာ ရွေးကောက်ပွဲတွေ ကျင်းပအပြီး တစ်လအကြာ ဒီဇင်ဘာလ ၇ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒီလိုလည်ပတ်ခဲ့ခြင်းဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံမှု ပြုလုပ်ချင်တဲ့ ဆန္ဒရှိတယ်ဆိုတာ ဖော်ထုတ်ပြသခြင်းပဲဖြစ်ပါတယ်။ အလားတူပဲ အီးယူအဖွဲ့ဝင်နိုင်ငံတွေဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့ထားရှိခဲ့တဲ့ မူဝါဒတွေအပေါ် ပြန်လည်ထိန်းညှိဆောင်ရွက်ဖို့ သင့်/မသင့် ဆွေးနွေးမှုတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်တွေကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ စတင်ခေါ်ယူကျင်းပခဲ့ပါတယ်။ လွှတ်တော်ကနေ ပြည်သူ့လွှတ်တော်ရဲ့ ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်ကိုလည်းကောင်း၊ သမ္မတအဖြစ် ဦးသိန်းစိန်ကိုလည်းကောင်း၊ ဒုတိယသမ္မတများအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးနဲ့ ဒေါက်တာစိုင်းမောက်ခမ်းတို့ကို အသီးသီးရွေးချယ်တင်မြှောက်ခဲ့ပါတယ်။ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပချိန်မတိုင်မီမှာပဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ ဒေသဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွေကို ဖျက်သိမ်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ တပ်မတော်ကနေအုပ်ချုပ်လာခဲ့တဲ့ အခြေအနေ နောက်ခံတွေကြားမှာ အခုဖြစ်ပေါ်လာတဲ့ အစိုးရသစ်ရဲ့ အထူးခြားဆုံး သမိုင်းဝင်အရည်အချင်းတွေကတော့ ရွေးကောက်ပွဲကနေတစ်ဆင့် ပေါက်ဖွားလာတဲ့ အစိုးရတစ်ရပ်ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ အစိုးရသစ်ထဲမှာပါဝင်တဲ့ သမ္မတကနေ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအထိ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲဥပဒေမှာ ဖော်ပြထားတဲ့ လုပ်ငန်းစဉ်တွေနဲ့အညီ လွှတ်တော်ကနေ အတည်ပြုချက်ရယူပြီးမှ ခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။ ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးတွေကလွှဲရင် ကျန်ဝန်ကြီးတွေဟာ အရပ်သားတွေ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးတွေဖြစ်ပါတယ်။ တပ်မတော်အစိုးရ လက်ထက်တုန်းကတော့ ဝန်ကြီးတွေအားလုံးဟာ တပ်မတော်အရာရှိကြီးတွေဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွေနဲ့ အစိုးရအဖွဲ့ရဲ့ သက်တမ်းကို ငါးနှစ် သတ်မှတ်ထားပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့ဟာ ရွေးကောက်ပွဲတွေကတစ်ဆင့် ပုံမှန်အပြောင်းအလဲတွေ ရှိနေမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့လဲ နိုင်ငံရေးပါတီ အများအပြားထဲကမှ စိတ်ကြိုက်ရွေးချယ်မဲပေးခြင်းဖြင့် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်မှာ ပါဝင်ခွင့်ရရှိနိုင်ကြပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့ခြင်းနဲ့ အစိုးရအဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာ အနာဂတ်အတွက် ကောင်းမွန်တဲ့ စံနမူနာတစ်ခုကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

အစိုးရသစ် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ လူပုဂ္ဂိုလ်ရွေးချယ်မှုတွေအရဆိုရင် မြန်မာအစိုးရသစ်ဟာ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်တင်သွားရေးနဲ့ ပြည်သူလူထုအတွက် ဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုဆောင်ရွက်ပေးသွားနိုင်ရေး ရည်မှန်းချက်တွေ ချမှတ်ထားတယ်ဆိုတာ ပြသနေပါတယ်။ သမ္မတကြီးဦးသိန်းစိန်ဟာ နိုင်ငံရေးအရရော၊ စစ်ဘက်ရေးရာတွေမှာပါ အတွေ့အကြုံကျယ်ကျယ်ပြန့်ပြန့်ရှိသူ တစ်ဦးဖြစ်တဲ့အတွက် အစိုးရနဲ့ တပ်မတော်အကြား ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်သွားနိုင်ဖို့ အထောက်အကူပြုမှာဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ နိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးမူဝါဒလမ်းစဉ် (၇)ရပ်ကို ရေးဆွဲချမှတ်ခဲ့ရာမှာ ပါဝင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးဟာလဲ နိုင်ငံရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးကိစ္စရပ်တွေကို ကာလရှည်ကြာ တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်တဲ့အတွက် ဒီအတွေ့အကြုံတွေဟာ တိုင်းပြည်ရဲ့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ဦးစားပေးဆောင်ရွက်သွားမယ့် အခုလိုအချိန်ကာလမှာ အများကြီးအထောက်အကူပြုမှာ ဖြစ်ပါတယ်။

အစိုးရအဖွဲ့သစ်ထဲမှာ လူမှုရေးနယ်ပယ်ထဲက အထင်ကရပုဂ္ဂိုလ်တွေလည်း အများအပြား ပါဝင်လာပါတယ်။ တက္ကသိုလ်ကြီးတွေရဲ့ ပါမောက္ခချုပ်တွေကို ပညာရေး၊ ကျန်းမာရေးစတဲ့ ဝန်ကြီးဌာနတွေမှာ ဝန်ကြီးတွေအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ ဒီပညာရှင်တွေဟာ သူတို့ကိုင်တွယ်ဆောင်ရွက်ရမယ့် ကဏ္ဍရပ်တွေမှာ ကျွမ်းကျင်မှုရှိတဲ့ ပညာရှင်တွေဖြစ်ကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ မျိုးဆက်သစ် နိုင်ငံရေးသမားအများစုဟာ အသက်အရွယ်အားဖြင့် ၅၀ နဲ့ ၆၀ အရွယ်တွေ ဖြစ်ကြပါတယ်။ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းဟာ ရှမ်းတိုင်းရင်းသားလူမျိုးဖြစ်ပါတယ်။ ဒေါက်တာစိုင်းမောက်ခမ်းဟာ ဒေသခံပြည်သူတွေရဲ့ ချစ်ခင်လေးစားမှုကို ခံယူရရှိသူတစ်ဦးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံမှာ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ တိုင်းပြည်အတွက် အရေးပါတဲ့ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသား လူမျိုးစုတွေဟာ တိုင်းပြည်မှာ လူဦးရေအများဆုံးရှိတဲ့ လူနည်းစုတိုင်းရင်းသားဖြစ်တဲ့အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အရေးပါပါတယ်။

အစိုးရအဖွဲ့သစ် ရာထူးတာဝန်တွေ စတင်ထမ်းဆောင်ပြီး သမ္မတဦးသိန်းစိန် ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပြောကြားခဲ့သလို သူ့အနေနဲ့ တရားမျှတမှုရှိတဲ့ အစိုးရတစ်ရပ်ဖြစ်လာစေရေး တည်ဆောက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဈေးကွက်စီးပွားရေးစနစ်ဆက်လက် အကောင်အထည်ဖော်ရေးနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လက်ခံရရှိရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေကို အလေးထားပြောကြားသွားခဲ့ပါတယ်။ အစိုးရသစ်အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ဥပဒေပြင်ဆင်ပြဋ္ဌာန်းမှုတွေ ပြုလုပ်သွားဖို့လဲရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာတွေအရ တိုင်းပြည်အနေနဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေကို တစ်ကြိမ်တည်းနဲ့ ချက်ချင်းအကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ပါဘူး။ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အောင်မြင်စေဖို့ ပုံမှန်တစ်ဆင့်ချင်း တိုးတက်အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။ တပ်မတော်အနေနဲ့လည်း တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

မြန်မာအစိုးရသစ်အနေနဲ့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဆက်လက်ရှိနေဦးမှာဖြစ်ပေမယ့် မနှစ်က အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲနဲ့အတူ အရပ်ဘက်အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာ တိုင်းပြည်အတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ ထပ်မံဖော်ဆောင်နိုင်ဖို့ လမ်းဖွင့်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ။

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ပထမဆုံးအကြိမ် ပေကျင်းရုပ်ရှင်ပွဲတော်သို့ အော်စကာဆုရှင်များနှင့် နာမည်ကျော် သရုပ်ဆောင်များ တက်ရောက်လာကြ

ကောင်းမြတ်သူ စုစည်းသည်

ပေကျင်း ဧပြီ ၂၆

ပထမအကြိမ် ပေကျင်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၃ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့ရာ ကမ္ဘာတစ်ဝန်းမှ နာမည်ကြီးသရုပ်ဆောင်နှင့် ဒါရိုက်တာ ၁၀၀ကျော် တက်ရောက်ခဲ့ကြသည်။

ကော်ဇောနီခင်းထားသောခန်းမကြီး အတွင်းသို့ ကွန်ဖူးစတား ဂျက်ကီချန်း၊ တရုတ်နာမည်ကြီး ရုပ်ရှင်မင်းသမီး ကျန်ဇီရီ၊ Lion King ရုပ်ရှင်ဇာတ်ကား ဒါရိုက်တာများ ဖြစ်ကြသည့် ရော့ဘ်မင်ကော့ဖ်နှင့် အော်စကာဆုရ ရုပ်ရှင် Black Swan ဒါရိုက်တာ ဒါရင်အာရွန်နော့စကိုင်းတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို လာမည့် ဧပြီ ၂၈ရက်အထိ ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ရှင်ကားများ ပြသခြင်း၊ ရုပ်ရှင်ဖိုရမ်အစည်းအဝေးများ ကျင်းပခြင်း၊ ဆွေးနွေးပွဲများနှင့် ကပွဲများ ကျင်းပခြင်းတို့ ပါဝင်ကြောင်း သိရသည်။

ယင်းရုပ်ရှင်ပွဲတော်ကို ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား စီမံအုပ်ချုပ်ရေးဌာနနှင့် ပေကျင်း မြူနီစီပယ် အစိုးရတို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဖြစ်လာနိုင်

၎င်းရုပ်ရှင်ပွဲတော် ကျင်းပနိုင်ခြင်းသည် ကမ္ဘာ့ရုပ်ရှင်ကားထုတ်လုပ်သူများနှင့် ရုပ်ရှင်ပွဲတော်ကျင်းပသူများအကြား ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းကူးတံတားသဖွယ် ဖြစ်လာနိုင်ကြောင်း၊ ရုပ်ရှင်ကားဝယ်ယူသူများနှင့် ရောင်းချသူများအကြား စီးပွားရေးအခွင့်အလမ်းများ တိုးပွားလာနိုင်ရန် မျှော်လင့်ကြောင်း ပေကျင်းရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဌာနမှ အကြီးအကဲဖြစ်သူ လီချွမ်လျန်က ပြောကြားသည်။

ပြောကြား

Kung Fu Pandaနှင့် Multamကဲ့သို့သော ဟောလီဝုဒ်ရုပ်ရှင် ဇာတ်ကားများမှတစ်ဆင့် တရုတ်ယဉ်ကျေးမှုကိုကမ္ဘာက ပိုမိုသိရှိလာနိုင်ကြောင်း တရုတ်ရုပ်ရှင်အကယ်ဒမီ ဆုချီးမြှင့်ရေး ဥက္ကဋ္ဌ ကျန်ဟူဂျွန်က ပြောကြားသည်။

တိုးတက်လျက်ရှိ

ပြီးခဲ့သည့်နှစ်က တရုတ်ရုပ်ရှင် ဇာတ်ကား ၅၀၀ ကျော်ထုတ်လုပ်ပြသနိုင်ခဲ့ပြီး ဝင်ငွေ ယွမ် ၁၀ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ရုပ်ရှင်ဈေးကွက်သည် နှစ်စဉ် ၃၀ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း၊ ယင်းတိုးတက်မှုမှာ ကမ္ဘာ့ရုပ်ရှင်ဈေးကွက် တိုးတက်မှု၏ ခုနစ်ရာခိုင်နှုန်းခန့်ရှိကြောင်း တီစင်ဟွာ တက္ကသိုလ်မှ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဆိုင်ရာ ပါမောက္ခရင်ဟောင်းက ပြောကြားသည်။ ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော်သည်ရုပ်ရှင်လုပ်ငန်းတိုးတက်ရေးအတွက် ကျင်းပခြင်း တစ်မျိုးတည်းမဟုတ်ဘဲ အမျိုးမျိုးသော တရုတ်ယဉ်ကျေးမှုများကို ဖော်ထုတ်ရန်အတွက် ကျင်းပခြင်းလည်း ဖြစ်ကြောင်း ပါမောက္ခ ရင်ဟောင်းက ဆက်လက် ပြောကြားသည်။ ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် ကမ္ဘာ့ရုပ်ရှင်ချစ်ပရိသတ်များအကြား တရုတ်ယဉ်ကျေးမှုနှင့် တရုတ်ပြည်သူများ၏ လူမှုဘဝကို ပိုမိုထင်ဟပ်ပြသနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပေကျင်းရုပ်ရှင်အကယ်ဒမီ ဆုချီးမြှင့်ရေး ဥက္ကဋ္ဌ ကျန်ဟူဂျွန်အား တွေ့ရစဉ်။

ပထမအကြိမ် ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

တရုတ်ကွန်ဖူးမင်းသား ဂျက်ကီချန်းနှင့် တရုတ်နာမည်ကြီးသရုပ်ဆောင် မင်းသမီး ကျန်ဇီရီတို့ ပေကျင်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာကြစဉ်။

လွန်ခဲ့သော ၂၄ နှစ်က အချစ်တစ္ဆေကား ဟောင်ကောင်ဒါရိုက်တာ ပြန်လည်ရိုက်ကူးပြသ

ဟောင်ကောင် ဧပြီ ၂၆

တရုတ်ရုပ်ရှင်လောကတွင် လူကြိုက်များခဲ့သည့် A Chinese Ghost Story ဇာတ်ကားသည် လွန်ခဲ့သော ၂၄ နှစ်က ရိုက်ကူးခဲ့သောကားဖြစ်ပြီး ဟောင်ကောင်စူပါစတားသရုပ်ဆောင် လက်စ်လိုင်းချန်းနှင့် တရုတ်(တိုင်ပေ) မင်းသမီး ဂျိုးဝမ်တို့က ပါဝင်သရုပ် ဆောင်ခဲ့သည်။

ယင်းဇာတ်ကားသည် အချစ်တစ္ဆေကားဖြစ်ပြီး အလွန်လူကြိုက်များခဲ့သော ဇာတ်ကားဖြစ်သည်။ ပရိသတ်များ၏ တောင်းဆိုချက်အရ ယင်းအချစ်တစ္ဆေဇာတ်ကားကြီးကို ဟောင်ကောင်ဒါရိုက်တာ ဝီလ်ဆင်ရစ်က ဟောင်ကောင်နာမည်ကြီး သရုပ်ဆောင်မင်းသား လူးဝစ်ကူးနှင့် ကာရာဟွိုင်း**(ယာပုံ)**တို့ဖြင့် ပြန်လည်ရိုက်ကူးပြသခဲ့သည်။ ဟောင်ကောင်တွင် ဧပြီ ၂၃ ရက်က အထူးပွဲ ပြသခဲ့ရာ ပရိသတ်များ အထူးအားပေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား

မောင်မောင်မြင့်ဆွေ - ရေးသားသည်

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် ဘင်တန်ဝိတ်ချန်ပီယံ ဗစ်ဒါချန်ယန်က ပီရက်ဇ်အား အနိုင်ရ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၆

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဧပြီ ၂၅ ရက်က နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်၏ ဘင်တန်ဝိတ် ချန်ပီယံလုပွဲအဖြစ် ပီရက်ဇ်နှင့် ဗစ်ဒါချန်ယန်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဗစ်ဒါချန်ယန်က ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ **(ယာပုံ)**

အနိုင်ရရှိ

ကိုလံဘီယာလက်ဝှေ့သမား ပီရက်ဇ်အား ပထမအချီနှင့် ဒုတိယအချီတို့၌ပင် ကြိုးဝိုင်း ကြမ်းပြင်ပေါ်သို့လဲကျအောင် ထိုးသတ်နိုင်ခဲ့သော ဗစ်ဒါချန်ယန်သည် ငါးချီအရောက်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဗစ်ဒါချန်ယန်သည် ယခုပွဲအနိုင်ရရှိသဖြင့် သူ၏လက်ဝှေ့ မှတ်တမ်း၌ ၃၆ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ပီရက်ဇ်မှာ ပွဲ ၂၀ နိုင်၊ နှစ်ပွဲသရေ မှတ်တမ်းရှိနေရာ ယခုပွဲ၌ ရှုံးပွဲကြုံခဲ့သဖြင့် သူ၏လက်ဝှေ့မှတ်တမ်းတွင် ပထမဆုံး ရှုံးပွဲဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

မင်နက်ဇ်အား ခေါ်ယူရန် အပြိုင်ကြိုးစားနေ

လန်ဒန် ဧပြီ ၂၆

ရိုးမားအသင်းကွင်းလယ်ကစားသမား မင်နက်ဇ်ကို လာမည့်နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ကာလမှာ မန်ယူ၊ လီဗာပူးနဲ့ အာဆင်နယ်အသင်းတွေက ခေါ်ယူဖို့ အပြိုင်ကြိုးစားနေကြပြီ ဖြစ်ပါတယ်။

ပံ့ပိုးပေး

ပြင်သစ်နိုင်ငံသားနဲ့ ရိုးမားကွင်းလယ်ကစားသမား မင်နက်ဇ်ဟာ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်သူဖြစ်ပြီး တိုက်စစ်ကိုလည်း လိုက်ပါပံ့ပိုးပေးနိုင်သူဖြစ်ပါတယ်။

ရိုးမားအသင်းကို ၂၀၀၈ ခုနှစ်က ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းနဲ့ လေးနှစ်စာချုပ်ချုပ်ဆိုပြီး ရောက်ရှိကစားနေတဲ့ မင်နက်ဇ်ဟာ လာမယ့်နွေရာသီမှာ ရိုးမားအသင်းက ထွက်ခွာဖို့ဆုံးဖြတ်ထားသူလည်း ဖြစ်ပါတယ်။

စီစဉ်နေ

ပရီမီယာလိဂ်ထိပ်တန်းကလပ်တွေက အပြိုင်အဆိုင်ခေါ်ယူနေတဲ့ မင်နက်ဇ်ကို ရိုးမားကလပ်ကလည်း ထိုက်တန်တဲ့ငွေကြေးရရင် ထုတ်ရောင်းမှာဖြစ်ပါတယ်။ မန်ယူအသင်းကတော့ မင်နက်ဇ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၁၅ သန်းပေးမယ်လို့ ပြောကြားနေပါတယ်။ မန်ယူကွင်းလယ်မှာ တောင့်တင်းတဲ့ ကွင်းလယ်ကစားသမားတစ်ဦး လိုအပ်နေတာမို့ ဒီကွက်လပ်ကို မင်နက်ဇ်**(အောက်ပုံ)**နဲ့ ဖြည့်ဆည်းဖို့ နည်းပြကြီးဖာဂူဆန် စီစဉ်နေခြင်းပဲဖြစ်ပါတယ်။



ကြိုးစားနေပြီ

လောလောဆယ်မှာ ခြေထောက်ဒဏ်ရာရရှိနေတဲ့ မင်နက်ဇ်ကို မန်ယူကဝယ်ယူဖို့ ကြိုးစားခြင်းဟာ စွန့်စားခြင်းတစ်ရပ်ဖြစ်တယ်လို့ ဝေဖန်မှုတွေ ထွက်ပေါ်နေပေမယ့် နည်းပြကြီး ဖာဂူဆန်ကတော့ ခေါ်ယူဖို့ ကြိုးစားနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်အားသန်တဲ့ မင်နက်ဇ်ဟာ လာမယ့် ဘောလုံးရာသီမှာတော့ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းကို ရောက်မရောက် စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ကိုသစ္စာ - စုစည်းသည်

အမေရိကန် ဈေးကွက်မှ နစ်ဆန်းကားများ ပြန်သိမ်းဆည်း

လော့စ်အိန်ဂျလိစ် ဧပြီ ၂၆

စတီယာရင်ချုတ်ယွင်းမှုများ ဖြစ်ပေါ်နေသည်ကို စစ်ဆေးတွေ့ရှိပြီးနောက် အမေရိကန်ဈေးကွက်မှ နစ်ဆန်းကား အစီးရေ ၁၉၆၀၀၀ကျော်ကို ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း နစ်ဆန်းကားကုမ္ပဏီမှ တာဝန်ရှိသူများက ဧပြီ ၂၆ ရက်၌ ပြောကြားသည်။

ဆီးနှင်းနှင့်ရေခဲများ ဖုံးလွှမ်းနေသော အမေရိကန်နိုင်ငံ ပြည်နယ် ၁၂ ခုရှိ ကားလမ်းများပေါ်တွင် မောင်းခဲ့သည့် နစ်ဆန်းကားများသည် မတော်တဆမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ၄င်းကားများကို ဈေးကွက်မှ ပြန်သိမ်းဆည်းနေခြင်းဖြစ်သည်။ (အောက်ပုံ) *(အင်တာနက်)*

တရုတ်၌ ကျောက်မီးသွေးတွင်းရေလွှမ်း မိုင်းလုပ်သားရှစ်ဦးသေဆုံး

ဂိုင်ယန် ဧပြီ ၂၆

တရုတ်နိုင်ငံ ကွီကျို့ပြည်နယ် အနောက်တောင်ပိုင်းတွင်ရှိသော ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဧပြီ ၂၆ ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွားရာ မိုင်းလုပ်သားရှစ်ဦးသေဆုံးပြီး ကျန်အလုပ်သမားများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

သေဆုံးခဲ့ရ

ဖြစ်ပွားမှုမှာ ၄င်းမြေအောက်ကျောက်မီးသွေးတွင်း၌ မိုင်းလုပ်သား ၄၅ဦး လုပ်ငန်းခွင်ဝင်နေစဉ် ရုတ်တရက်ရေများ စီးဝင်ပြီးနောက် ရေလွှမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကျန်မိုင်းလုပ်သားများကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ရှစ်ဦးမှာ သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ရုရှား၌ နေအိမ်အတွင်း မိကျောင်းတစ်ကောင်ဝင်

ပါလ်မီတို ဧပြီ ၂၆

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တောင်ဘက် ပါလ်မီတိုမြို့တွင် နေအိမ်တစ်အိမ်အတွင်းသို့ မိကျောင်းတစ်ကောင် ဝင်ရောက်ခဲ့ကြောင်း စိန့်ပီတာစဘတ်မြို့ ရဲတပ်ဖွဲ့က ဧပြီ ၂၆ ရက်၌ ပြောကြားသည်။

စိန့်ပီတာစဘတ်မြို့တောင်ဘက် ပါလ်မီတိုမြို့ အလီစစ်ဒမ်ဘာအမည်ရှိ အမျိုးသမီး၏နေအိမ် ရေချိုးခန်းအတွင်းသို့ ခုနစ်ပေခန့် အရှည်ရှိသည့် မိကျောင်းတစ်ကောင် ဝင်ရောက်နေသည်ကို သူမ မမျှော်လင့်ဘဲ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ယင်းမိကျောင်းသည် အိမ်၏ခြေးတိုးပေါက်မှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ရုရှားနိုင်ငံ တောရိုင်းတိရစ္ဆာန်နှင့် သတ္တဝါများထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ ရောက်ရှိလာပြီး နေအိမ်မလှမ်းမကမ်းရှိ ကမ်းစပ်သို့ ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။ *(အင်တာနက်)*

ဧပြီ ၂၆ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၂၃ ဒသမ ၆၆
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၃၆
၃။	ရွှေ	တစ်အောင်စ	၁၅၀၄ ဒသမ ၉၆
၄။	ငွေ	တစ်အောင်စ	၄၅ ဒသမ ၉၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၂၈
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၂၅ ဒသမ ၀၀

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၂၆

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများ၏ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် ဒသမအကြိမ်မြောက် ကွန်ပျူတာသင်တန်းကို မေ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ယင်းသင်တန်းကို တက်ရောက်လိုသူ မသန်စွမ်းသူများသည် ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) ရုံးခန်း အမှတ် ၇၉၇ အခန်း (၁၀၄)ဘီ ဗိုလ်ချုပ် အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှ တာဝါ (၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၁၅၉၃၉၊ ၀၁-၂၂၉၀၈၇၊ ၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သိရှိရသည်။

(ရွှေမင်းသားဖောင်ဒေးရှင်း)

ပုဂံအာနန္ဒာဘုရား အထွေထွေပြုပြင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတွင် ပုဂံအာနန္ဒာဘုရား ပြန်လည်မွမ်းမံထိန်းသိမ်းရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးဖြစ်ရာ အဆိုပါ နားလည်မှုစာချွန်လွှာနှင့်အညီ အာနန္ဒာဘုရား အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ယဉ်ကျေးမှုနှင့် ဆက်နွှယ်သော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri က ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

● *ကျော်ပုံမှ*

ပထမအချက်မှာ ဝယ်လိုအားနှင့် ရောင်းလိုအား အပါအဝင် အခြေခံအကြောင်းအချက်များ ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မခန့်မှန်းနိုင်သည့် နိုင်ငံရေးအကြောင်းများပင် ဖြစ်ကြောင်း၊ ထိုအချက်များကို အခြေပြု၍ ယခု နှစ်ကုန်တွင် ရေနံဈေးနှုန်းများတက်နိုင်ကြောင်း ၄င်းက ကောက်ချက်ချ ပြောကြားသည်။

အိုပက်အဖွဲ့ထံမှ ဝယ်ယူသည့် ရေနံပမာဏမှာ တစ်နေ့ စည်ပေါင်း ၂၉သန်းရှိသည်။ သို့သော်လည်း လစ်ဗျား အကျပ်အတည်းကြောင့် အိုပက်အဖွဲ့က တစ်နေ့စည်ပေါင်း သန်း၃၀အထိ တိုးထုတ်နေရကြောင်း အတည်မပြုနိုင်သည့် သတင်းများက ဆိုသည်။

လျစ်လျူရှု၍မရ

ရေနံတစ်စည်ဒေါ်လာ၁၀၀ကျော်လာလျှင် နိုင်ငံတကာစီးပွားရေးတွင် ရေနံ၏အရေးပါမှုကို လျစ်လျူရှု၍ မရတော့သည့်အခြေအနေ ဖြစ်သည်။

ရေနံထုတ်လုပ်မှု ၁၀မှ ၁၅ ရာခိုင်နှုန်း လျော့နည်းလျှင် ရေနံအပေါ်မှီခိုသည့် စက်မှုနိုင်ငံများ၏ စီးပွားရေးကို ထိခိုက်သွားနိုင်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များက ၅ ရာခိုင်နှုန်း လျော့ထုတ်ခဲ့သဖြင့် ဈေးနှုန်း ၄၀၀ ရာခိုင်နှုန်း မြင့်တက်သွားသည့် သာဓကရှိခဲ့သည်။

ထုတ်လုပ်

လယ်ယာသုံး ပစ္စည်းအချို့ကို ဒီဇယ် သို့မဟုတ် ဓာတ်ဆီများမှ ထုတ်လုပ်သည်။ ထို့အပြင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အများအပြားကို ရေနံမှ ထုတ်လုပ်သည်။

ကွန်ပျူတာ၊ မိုဘိုင်းလ်ဖုန်းမှသည် ပိုက်လိုင်း၊ အဝတ်အထည်၊ ကော်ဇောအထိ အသုံးပြုသော ပလတ်စတစ် အများစုကို ရေနံအခြေပြုပစ္စည်းများဖြင့် ပြုလုပ်သည်။

နေ့စဉ်ထုတ်ယူ

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ရေနံမြေ ၄၀၀၀ ကျော်မှ ရေနံစည်ပေါင်း ၈၅ သန်းကို နေ့စဉ်ထုတ်ယူလျက်ရှိသည်။

ရေနံမြေ ၄၀၀၀ ကျော်တွင် အများစုမှာ သေးငယ်သည့် ရေနံမြေများသာဖြစ်ရာ အချို့ရေနံမြေတွင် တစ်နေ့လျှင် ရေနံစည် ၂၀၀၀၀ပင် ပြည့်အောင်မထွက်ကြပေ။

သတိပေး

ယခုသုံးနှုန်းမှုမျိုးအတိုင်း ဆက်သွားလျှင် ကမ္ဘာပေါ်ရှိ ရေနံအားလုံး နှစ် ၄၀ အကြာတွင် ကုန်ခန်းသွားမည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။ ယခုအခါ သိပ္ပံပညာရှင်များက ပြန်လည်သုံးသပ် ပြီးနောက် ထိုအချိန်ထက်စော၍ ရေနံများ ကုန်ခန်းမည်ဖြစ်ကြောင်း ပြောကြားထားသည်။ ထို့အပြင် ရေနံဖြန့်ဖြူးမှုမှာ လာမည့်လေးနှစ်အတွင်း စတင်ထိခိုက်နိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

အနာဂတ်တွင် ကမ္ဘာ့ထိပ်တန်း ရေနံမြေ ၁၀ ခုမှာ ဆော်ဒီအာရေဗျမှ ဂါဝါရေနံမြေ၊ အီရတ်နိုင်ငံမှ ဝက်ကာနာ ရေနံမြေ၊ မက်ဒ္ဒန်းရေနံမြေနှင့် ရှုမိုင်လာရေနံမြေ၊ အီရန်မှ ခူဇက်စတန်ရေနံမြေ၊ ကာဇက်စတန်မှ ကာရှာဂန်ရေနံမြေ၊ ဆော်ဒီအာရေဗျမှ ပင်ခူရိုင်းစ်ရေနံမြေ၊ ဘရာဇီးမှ တူပီရေနံမြေ၊ ဗင်နီဇွဲလားမှ ကာရာဘိုဘိုရေနံမြေနှင့် အလာစကားမှ နော့ပ်ရေနံမြေတို့ ဖြစ်ကြသည်။

ပိုင်ဆိုင်

ထိပ်တန်းရေနံမြေ ၁၀ ခုတွင် အီရတ်နိုင်ငံမှ ရေနံမြေသုံးခု ပါဝင်သည်။ ဒေသအလိုက် ကမ္ဘာ့ရေနံသိုက်ပမာဏမှာ အရှေ့အလယ်ပိုင်းမှ ၅၀ ရာခိုင်နှုန်း၊ မြောက်အမေရိကမှ ၁၆ရာခိုင်နှုန်း ၊ အာဖရိကမှ ၉ ရာခိုင်နှုန်း၊ အမေရိက အလယ်ပိုင်းနှင့် တောင်ပိုင်းမှ ၈ ရာခိုင်နှုန်း၊ ယူရေးရှား (ဥရောပနှင့်အာရှ)မှ ၇ ရာခိုင်နှုန်း၊ အာရှနှင့် ပင်လယ်ဒေသ မှ ၃ ရာခိုင်နှုန်း၊ ဥရောပမှ ၁ ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ထားသည်။ ရေနံချွေတာရေးအတွက် ဇီဝလောင်စာကို အစားထိုးမည်ဆိုလျှင်လည်း လိုအပ်သည့်နေရာ ကျယ်ကျယ်ပေးရမည်ဖြစ်သဖြင့် အရင်းအနှီးနှင့် ပတ်ဝန်းကျင်ထိခိုက်မည်ကို စိုးရိမ်ရသည်။ ရေနံပေါ်မှီခိုသည့် နိုင်ငံများအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်ကို အစားထိုးမည်ဆိုလျှင်လည်း စွမ်းအင်အလုံအလောက်ရရှိရန် အခွင့်အလမ်းနည်းပါးသည်။ နျူကလီးယားသုံးစွဲရေးတွင်လည်း အန္တရာယ်ကများနေပြန်သည်။

ရတက်မအေး

ထို့ကြောင့် ကမ္ဘာ့ရေနံသိုက်များမှ ရေနံများကို ဆက်လက်ထုတ်ယူသုံးစွဲနေရဦးမည် ဖြစ်ရာ ခန့်မှန်းသည်ထက် ပိုမိုမြန်ဆန်စွာ ကုန်ခန်းမည်ကို ကမ္ဘာ့ပြည်သူအပေါင်းက ရတက်မအေးဖြစ်လျက်ရှိနေပါကြောင်း။ ။ ***(အင်တာနက်)***

ဗင်နီဇွဲလား ကမ်းလွန်ရေနံထုတ်လုပ်ရေး ပိုက်လိုင်းတစ်ခုကို ဤသို့ တွေ့ရှိရသည်။



အာကာသသိပ္ပံ သတင်းပဒေသာ **အာကာသသိပ္ပံ သတင်းပဒေသာ** **အာကာသသိပ္ပံ သတင်းပဒေသာ** **အာကာသသိပ္ပံ သတင်းပဒေသာ** **အာကာသသိပ္ပံ သတင်းပဒေသာ**

တစ်ခေတ်ဆန်းတော့မည့် နေရောင်ခြည်စွမ်းအင်သုံးစွဲမှု

တိုး-ရေးသားသည်

နေရောင်ခြည်စွမ်းအင်ကို နှစ်ပေါင်းထောင်ချီ၍ လူသားတို့အသုံးပြုလာခြင်းကို ပြန်လည်သုံးသပ်မည်ဆိုလျှင် အဝတ်လှန်းခြင်းနှင့် အစားအစာများလှန်းခြင်းတို့၌သာ သမားရိုးကျသုံးစွဲလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် မကြာသေးမီကမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင်ပါ အသုံးပြုလာကြသည်။

ဖြည့်ဆည်းပေးနိုင်

နေစကြဝဠာ၌ ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာသည်ဂြိုဟ်တစ်ခုအဖြစ် နေကိုဗဟိုပြုလှည့်ပတ်နေခြင်းဖြစ်သည်။နေသည် ကျွန်ုပ်တို့၏ကမ္ဘာနှင့် ကီလိုမီတာသန်းပေါင်း ၁၅၀ခန့် ဝေးကွာသည်။ အံ့မခန်းဖွယ်စွမ်းအင်များဖြင့် ပြည့်နေသည်။

ကမ္ဘာပေါ်သို့ နေရောင်ခြည်ဖြာချထားသည်ဆိုသော်လည်း အမှန်တကယ်အားဖြင့် နေစွမ်းအား၏ သေးငယ်သော အစိတ်အပိုင်းမျှသာ ကမ္ဘာက ခံစားရသည်။ ထိုသေးငယ်သော နေရောင်ခြည်စွမ်းအင်သည်ပင်လျှင် လူသားတို့က မှန်ကန်စွာ ထိန်းချုပ်သုံးစွဲတတ်မည်ဆိုလျှင် တစ်မိနစ်အတွင်းရရှိသော နေရောင်ခြည်စွမ်းအင်ကိုပင် တစ်နှစ်စာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပေသည်။

အားစိုက်ကြိုးပမ်း

ဤအချက်ကိုသိသော နိုင်ငံတကာနေရောင်ခြည်စွမ်းအင်အဖွဲ့ (အက်စ်အီးအိုင်)၏ အတွေ့အကြုံရှိသောအဖွဲ့သည် အစားထိုးလောင်စာဆီ အသုံးပြုရေးတွင် ရှေ့တန်းမှနေရာယူထားသည်။ အနှစ် ၂၀လုံးလုံး လူနေမှုဘဝမြင့်မားရေးအတွက် ပညာပေးရေးနှင့်လေ့ကျင့်ပေးရေးတို့ကို အားစိုက်ကြိုးပမ်းခဲ့သည်။

စတင်ဖွဲ့စည်း

ကလေးသူငယ်များနှင့် အမျိုးသမီး ငယ်ရွယ်သူများ သေဆုံးရမှုတွင် လူသားတို့ ထင်းမီးသွေးဖြင့် ထမင်းချက်ခြင်းကြောင့် လေထုညစ်ညမ်းရခြင်းသည် အဓိကအကြောင်းတစ်ခုဖြစ်သည်။ သစ်တောပြုန်းတီး၍ ရာသီဥတုပြောင်းလဲမှုကိုလည်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် နေရောင်ခြည်ကို သုံးစွဲချက်ပြုတ်နည်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရန် လှုံ့ဆော်နေသည့်အဖွဲ့မှာ နိုင်ငံတကာနေရောင်ခြည်မီးဖိုအဖွဲ့(အက်စ်စီအိုင်)ပင်ဖြစ်သည်။ ထိုအဖွဲ့ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ နေခြည်ဖြာသည့် စင်ထရယ်ဗယ်လီ၌ ၁၉၈၇ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

နေစွမ်းအင်ကို စုပ်ယူသည့် ဆိုလာပြားများ။

နီးနှောဖလှယ်

၁၉၇၀ပြည့်လွန်နှစ်များက ဘာဘရာဘားနှင့် ရှာရီကိုးလ်တို့တီထွင်ခဲ့သည့် နေစွမ်းအင်သုံးမီးဖိုပုံစံများ ထုတ်လုပ်အသုံးပြုခဲ့သည်။ အက်စ်စီအိုင်သည် အမေရိကန်နိုင်ငံနှင့် ဥရောပတွင်သာမက အာဖရိက၊ အာရှနှင့် လက်တင်အမေရိကနိုင်ငံများသို့ပါ လုပ်ငန်းဖြန့်ကြက်စည်းရုံးလျက်ရှိသည်။ ထိုအဖွဲ့က ကမကထပြု၍ နိုင်ငံတကာ နေရောင်ခြည်ဖြင့် ထမင်းချက်ရေးညီလာခံ သုံးကြိမ်ပြုလုပ်ပြီး ဒေသဆိုင်ရာနီးနှောဖလှယ်ပွဲများလည်း ပြုလုပ်ခဲ့သည်။

အက်စ်စီအိုင် ကမကထပြု၍ နေရောင်ခြည်မီးဖိုကမ္ဘာ့ကွန်ရက်ကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိသည်။ ထိုနေရောင်ခြည်မီးဖို ကမ္ဘာ့ကွန်ရက်အဖွဲ့တွင် နိုင်ငံ၁၀၃နိုင်ငံမှကျွမ်းကျင်သူနှင့်ကမကထပြုသူ ၅၀၀ကျော်၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများ၊ပညာရေးဌာနမှတာဝန်ရှိသူများ၊ထုတ်လုပ်သူများနှင့် အစိုးရအဖွဲ့ဝင်များ စုစုပေါင်း ၆၀၀ကျော်တို့ပါဝင်ကြသည်။

အကျိုးထူးများဖြစ်ထွန်း

နေရောင်ခြည်သုံးမီးဖိုများ ကမ္ဘာတစ်ဝန်းပျံ့နှံ့ရေး၊အထူးသဖြင့် လွန်စွာလိုအပ်သည့် ဒေသများသို့ ရောက်ရှိသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးသည်။ နေရောင်ခြည်သုံးမီးဖိုများသည် လုံခြုံစိတ်ချရခြင်း၊ သန့်ရှင်းခြင်း၊ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိခြင်း၊ သစ်တောပြုန်းတီးမှုသက်သာခြင်းစသည့် အကျိုးထူးများ ဖြစ်ထွန်းစေသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် ရေလိုအပ်သည့်နေရာတွင် ထိုမီးဖိုများဖြင့် ရေနှင့်နွားနို့ကို သန့်စင်အောင်ပိုးသတ်ပေးနိုင်သည်။ သို့ဖြင့် ကလေးသူငယ်များကို ဒုက္ခပေးသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ပေးနိုင်သည်။ ကမ္ဘာ့ဒေသအနှံ့တွင် ယင်းသို့ဆောင်ရွက်သည့်အတွက်လည်း ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အခြားအဖွဲ့များက ကူညီပံ့ပိုးပေးလာသည်ကို တွေ့ရသည်။

၂၀၀၉ခုနှစ် အောက်တိုဘာလအတွင်း အမေရိကန်နိုင်ငံ၌ ဖလော်ရီဒါလျှပ်စစ်မီးကုမ္ပဏီ၏ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်လိုက်သည့်အခါ အံ့အားသင့်ကြသည်။ သို့သော် မကြာပါချေ။ ၁၈လအတွင်းတွင် နယူးမက္ကဆီကိုနှင့် နီဗားဒါးပြည်နယ်များက ပိုမိုကြီးမားသည့်စက်ရုံတည်ဆောက်လိုက်သည်။ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှာ ယခုအခါ ကမ္ဘာတစ်ဝန်းတည်ဆောက်နေကြပြီဖြစ်သည်။

ကောင်းစွာအသုံးပြု

လောလောဆယ်တွင် ဗြိတိန်နိုင်ငံ၌ နေအိမ်များက နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးလုပ်ငန်းတည်ဆောက်မှုကို ထောက်ပံ့ကာ အားပေးနေသည်။ နေရောင်ခြည်ကို လျှပ်စစ်အဖြစ်တိုက်ရိုက်ပြောင်းပေးသည့် ကိရိယာများ၊ နေရောင်ခြည်ဖြင့် ရေနွေး၊ ရေပူစေသည့် အိမ်ခေါင်မိုးပေါ်မှ မှန်ဖုံးရေကန်များ၊ နေရောင်ခြည်မီးဖိုများ ဟူ၍ နည်းလမ်းသုံးမျိုးဖြင့် နေရောင်ခြည်ကို ကောင်းစွာအသုံးပြုလျက်ရှိသည်။

ဖွင့်လှစ်ပေး

ထိုမျှမက နေရောင်ခြည်စွမ်းအင်ဖြင့်ပင် ကမ္ဘာကိုပတ်နေသည့် ဂြိုဟ်တုများကို စွမ်းအားပေးအသုံးပြုလျက်ရှိသည်။ အဆိုပါ ဂြိုဟ်တုများက လူသားအကျိုးပြုလုပ်ငန်းကို ဆောင်ရွက်ပေးနေသည်မှာ နေရောင်ခြည်စွမ်းအင်ကို လူသားတို့ အကျိုးရှိရှိ အသုံးချမှုခေတ်သစ်ကို ဖွင့်လှစ်ပေးသကဲ့သို့ဖြစ်သည်။

နေရောင်ခြည်သုံးစက်ရုံတစ်ရုံတည်ဆောက်ရန် အကုန်အကျ များကောင်းများပေမည်။ သို့သော် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများပြတ်လပ်မှုနှင့် လောင်စာဈေး ပိုမိုကြီးလာမှုတို့ကြုံလျှင် နေရောင်ခြည်အသုံးချခြင်းမှာ ပိုမိုသင့်တော်သည့် လုပ်ဆောင်ချက်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

[illegible] အာကာသယာဉ်အောင်မြင်စွာစမ်းသပ်ပျံသန်း

မိုဂျေ့ ဧပြီ ၂၅

အာကာသခရီးသွားလုပ်ငန်းကုမ္ပဏီဗားဂျင်းဂလက်တစ်က တည်ဆောက်သည့် အာကာသယာဉ်စပေ့ရှစ်-၂ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မိုဂျေ့သဲကန္တာရကောင်းကင်ပြင်တွင် ဧပြီ ၂၂ ရက်က ခရီးအရှည်ဆုံးပျံသန်းကာ အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၂၄ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

ဗားဂျင်းဂလက်တစ် အာကာသခရီးသွားလုပ်ငန်း ကုမ္ပဏီအတွက် အာကာသယာဉ် စပေ့ရှစ်-၂တည်ဆောက်မှု၊ ယင်းကို တင်ဆောင်သည့် ဝှိုက်နိုက်-၂ဒုံးပျံတည်ဆောက်မှုနှင့် စမ်းသပ်ပျံသန်းမှုတို့ကို မိုဂျေ့အခြေစိုက် စကားလက် ကွန်ပိုဆိုက်လေကြောင်းကုမ္ပဏီက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ဧပြီ ၂၂ ရက်က စမ်းသပ်ပျံသန်းခြင်းမှာ ငါးကြိမ်မြောက် စမ်းသပ်ခြင်းဖြစ်ပြီး စကားလက်အဖွဲ့သားများအတွက် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ဗားဂျင်းဂလက်တစ်ကုမ္ပဏီဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် ဂျေးဝှိုက်ဆိုက်က ချီးကျူးလိုက်သည်။

အာကာသယာဉ် စမ်းသပ်ပျံသန်းရာ၌ စုစုပေါင်းအချိန် ၁၄မိနစ် ၃၁စက္ကန့်ကြာပြီး အာကာသယာဉ်စပေ့ရှစ်-၂ကို အာကာသယာဉ်စမ်းသပ်ယာဉ်မှူး ပီတာဆိုက်ဘိုးနှင့် တွဲဖက်လေယာဉ်မှူးအဖြစ် စကားလက်ကွန်ပိုဆိုက်လေကြောင်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်ရှိန်းတို့က စမ်းသပ်မောင်းနှင်ပေးကြောင်း သိရသည်။

(အင်တာနက်)

လူသားနှင့်ရင်ပေါင်တန်းနိုင်မည့် အာကာသစူးစမ်းလေ့လာမှု စက်ရုပ်များ

ဒီမို ရေးသားသည်

ဝါရှင်တန် ဧပြီ ၂၅

စက်ရုပ်အာကာသယာဉ်မှူး(၂)သည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၊ ရင်ဘတ်ပေါ်သို့ တံတောင်ဆစ်ကွေးကာ ထိုင်လျက် အာကာသစခန်းယာဉ်အတွက် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ပေးရန် အသင့်ပြင်ထားသည်။

စူးစမ်းလေ့လာ

စူးစမ်းလေ့လာလိုခြင်းမှာ လူသားတို့၏ မွေးရာပါဆန္ဒဖြစ်သည်။ စူးစမ်းလေ့လာရေးလုပ်ငန်းကို စက်ရုပ်များနှင့်ပစ်ထားရန်မှာ မလွယ်ကူသလို လူသားများကလည်း မျက်နှာလွှဲခဲပစ် မလုပ်လို။ လူသားတွင် သဘာဝ၏ အလှအပကို ခံစားလိုစိတ်ရှိသည်။

ပထမဆုံးသော လူသားစက်ရုပ်ကို အာကာသစခန်းယာဉ်သို့ ဒစ္စကာဗာရီ လွန်းပြန်အာကာသယာဉ်ဖြင့် ဖေဖော်ဝါရီလက ပို့ခဲ့ပြီးဖြစ်သည်။

စက်ရုပ် အာကာသယာဉ်မှူး(၂) (ဝါ) အာရ်-၂သည် ဤလုပ်ငန်း၌ ရှေ့ဆောင်လမ်းပြတစ်ဦးဖြစ်သည်။ အာကာသအတွင်း ပထမဆုံး အာကာသယာဉ်မှူးအဖြစ် ဆိုဗီယက်အာကာသယာဉ်မှူး ဂါဂါရင်အား လွှတ်တင်ပြီးနောက် စက်ရုပ်အာကာသယာဉ်မှူးများက နောက်က လိုက်ကြတော့မည်။

စက်ရုပ်အာကာသယာဉ်မှူး၏ပထမဆုံးတာဝန်မှာ ခက်ခက်ခဲခဲ မဟုတ်ပါပေ။ အသေးအဖွဲ လုပ်ငန်းများဖြစ်သည်။ လွှတ်လွှတ်လပ်လပ် လှုပ်ရှားပြခြင်းပင်ဖြစ်သည်။ ယင်းနောက်တွင်မှ ရှုပ်ရှုပ်ထွေးထွေး တာဝန်များကို စေခိုင်းမည်ဖြစ်သည်။

အနာဂတ်တွင် အာရ်-၂သည် အာကာသယာဉ်မှူးများကို အစစအရာရာ ကူညီလာနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် စနေနေ့ နံနက်ပိုင်းတွင် စခန်းယာဉ်၏ လက်ရန်းများကို သန့်ရှင်းရေးလုပ်ရသည့်လုပ်ငန်းကိုလုပ်မည်။ လူသား၏ လက်မျိုးရှိသဖြင့် အာကာသယာဉ်မှူးများ ကိုင်သည့် ကိရိယာတန်ဆာပလာများကို ကိုင်တွယ်ပြီးလုပ်ကိုင်နိုင်မည်။အာကာသယာဉ်မှူးများကဲ့သို့ အာကာသစခန်းယာဉ်တစ်ဝိုက်ကို ဖက်တက်နိုင်မည်။ အာကာသအတွင်း လမ်းလျှောက်ကာ ပြုပြင်တပ်ဆင်မှုများလည်း ဆောင်ရွက်နိုင်မည်။

ပြောကြား

စက်ရုပ်များသည် လူသားများနှင့် ပိုမိုရင်ပေါင်တန်းလာမည်ဖြစ်သည်။ယခုရာစုနှစ်အတွင်း တစ်ချိန်ချိန်တွင် နေစကြဝဠာစနစ်အတွင်း ၄င်းတို့ကို တီထွင်သည့် လူသားများထက်ပင် ပိုမိုအစွမ်းမထက်နိုင်ဟူ၍ အလောင်းအစားပင် မလုပ်ရဲအောင် ဖြစ်သည်ဟု လူသားစက်ရုပ်ထိန်းချုပ်မှုကို ဦးဆောင်တာဝန်ယူသူ ရော့ဒီယာမိုကိုစကီးက ပြောကြားလိုက်သည်။ (အင်တာနက်)



ညောင်ဦးမြို့နယ် သောက်သုံးရေ လုံလောက်စွာရရှိရေး ငှက်ပစ်တောင်အနီး ရေတွန်းစက်ရုံမှ ပေးဝေလျက်ရှိ

မန္တလေး ဧပြီ ၂၆

ညောင်ဦးမြို့ ငှက်ပစ်တောင်အနီး ထပ်ဆင့်ရေတွန်းစက်ရုံမှ ယခုအခါ ညောင်ဦးမြို့နယ်အတွင်း ပြည်သူများသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရေပေးဝေလျက်ရှိသည်။ အဆိုပါသောက်သုံးရေများကို ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးရှိ မြို့ရေပေးဝေရေး (နတ်သမီးကမ်းပါး)မှတစ်ဆင့် ရေစုပ်စက်ကြီးများအသုံးပြု၍ရယူကာ ထပ်ဆင့်ရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းအတွက် ရေပိုက်လိုင်းများသွယ်တန်းကာ ရေလှောင်ကန်အတွင်း ရေတင်ပို့မှုအခြေအနေ၊ စက်ယန္တရားကြီးများလည်ပတ်မှုနှင့် မြို့တွင်းနှင့် ကျေးလက်ဒေသများသို့ ရေပိုက်လိုင်းကြီးများသွယ်တန်း၍ ရေဖြန့်ဝေပေးနိုင်မှုအခြေအနေကို မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၄ရက် ညနေ ၃နာရီက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** မြို့တော်ဝန်က စက်ယန္တရားကြီးများ ကြံ့ခိုင်မှုရှိရေးနှင့် ရေတိုးချဲ့ဖြန့်ဝေပေးနိုင်မည့် နည်းလမ်းများရှာကြံသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့အပြင် မြို့တော်ဝန်သည် စက်ယန္တရားကြီးများလည်ပတ်နေမှုနှင့် ငှက်ပစ်တောင် ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ ရေပိုက်လိုင်းများ သွယ်တန်းပြီး မြို့တွင်းနှင့်ကျေးရွာများသို့ ရေဖြန့်ဝေပေးနိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး စဉ့်ကိုင်၌ ရှင်းလင်းဆွေးနွေး

စဉ့်ကိုင် ဧပြီ ၂၅

လယ်ယာကဏ္ဍ စိုက်ဧကစာရင်းကိန်းဂဏန်းများ တိကျမှန်ကန်စွာ ကွင်းဆင်းကောက်ယူ ပြုစုတင်ပြနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ရွှေသည် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ မြေစာရင်းဦးစီးဌာနမှူးများနှင့် ဧပြီ ၆ ရက်ကတွေ့ဆုံပြီး ရှေ့ပြေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်တွင် ဧပြီ ၈ ရက်က မြေကြီးမြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးဆောင်ရွက်ခဲ့သည်။

(ယာပုံ)

ယခုအခါ စဉ့်ကိုင်မြို့နယ်၌ ကျေးရွာအုပ်စု ၄၈ အုပ်စုရှိ ဧရိယာ ၇၀၇၂၅ ဧကတွင် ဝန်ထမ်းအင်အား ၇၇ ဦးတို့ဖြင့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မေ၃၀ရက် မတိုင်မီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ (ဝ၄ဝ)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၆

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ လူမှုထူးချွန်နှင့် ပညာရည်ချွန် ဂုဏ်ပြုဆုပေးပွဲကို မတ် ၂၇ (တနင်္ဂနွေနေ့) နံနက် ၉ နာရီက ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပရာ အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း အတည်ပြုကြပြီး အသက်(၇၅)နှစ်နှင့် အထက် မြို့နယ်သား ဘိုးဘွား ၂၅ ဦးအား ပူဇော်ကန်တော့ကြသည်။

စိုက်ထူလှူဒါန်း

ဆက်လက်၍ ဥက္ကဋ္ဌ ဦးကျင်သိန်းနှင့် နာယကများက ၂၀၀၉ ခုနှစ် အမျိုးသားစာပေဆု(ကလေးစာပေ)ဆုရ ဆရာမင်းရွှေမင်း(အင်းစိန်)အားလည်းကောင်း၊ လူမှုထူးချွန်ဆုရ သွေးလှူရှင်နှစ်ဦးအားလည်းကောင်း၊ ရူပဗေဒ ပါရဂူ ဒေါက်တာဘွဲ့ရတစ်ဦးအားလည်းကောင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသူများအားလည်းကောင်း အသီးသီး ဂုဏ်ပြုချီးမြှင့်ကြသည်။ ၄င်းနောက် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌအသစ် ဦးဇာနီဦးပါဝင်သော အမှုဆောင် အဖွဲ့ဝင် ၂၉ ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ယင်းအစည်းအဝေး၌ ဦးကျော်မြင့် အင်အားသစ်ဆိုလာ ပစ္စည်းရောင်းဝယ်ရေး (မူဆယ်/မန္တလေး)မှ အသင်း၏ တက္ကသိုလ်ပညာသင်ဆုငွေပဒေသာပင် ရန်ပုံငွေအဖြစ် အလှူငွေ ၁၀၀၀၀၀၀ (ကျပ်ဆယ်သိန်း) စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ဝက်နားရှက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ
နှိုးဆော်ချက်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ မြို့နယ်အချို့တွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွား၊ သေဆုံးမှုရှိသဖြင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ ရောဂါဖြစ်ပွားမှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်သို့ အမြန်အကြောင်းကြားပါ။

၂။ နာမကျန်းဝက်များကို သီးသန့်ခွဲခြားထားပါ။ ယင်းခြံရှိဝက်နှင့် ဝက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ရောင်းချမှု လုံးဝမပြုလုပ်ရ။

၃။ သေဆုံးသည့်ဝက်များအား ရောင်းချခြင်း၊ စားသုံးခြင်းမပြုရ။

၄။ သေဆုံးသည့်ဝက်များကို ရေမျှောခြင်း၊ အမှိုက်ပုံ၊ ရေမြောင်းများအတွင်း စွန့်ပစ်ခြင်းမပြုရ။ စနစ်တကျမြေမြှုပ်၍ မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဖျန်းပါ။

၅။ ရောဂါဖြစ်ပွားသောခြံနှင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ပါ။

၆။ ဝက်သားဝယ်ယူစားသုံးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ရောင်းချနေသော ဆိုင်များမှသာ ဝယ်ယူစားသုံးကြရန်။

၇။ ကျန်းမာသောဝက်များအား ဝယ်ယူသယ်ဆောင် ရောင်းချလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကျန်းမာကြောင်း ထောက်ခံချက်ရယူဆောင်ရွက်ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နည်းပညာတက္ကသိုလ်သွားလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဧပြီ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တာဘိုင်ရေစက်ရုံမှ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ဧပြီ ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဆုံကုန်း-နတ်ကန်လည် ကျောက်ချောလမ်းပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကသဲဈေးရှိ ဂါလန် ၁၆၀၀ဆံ့ အမြင့်တင်ရေစင်ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှားတောမြို့ ရေပေးရေး ရေစုကန်သို့ ရေရောက်ရှိမှုအခြေအနေနှင့် မြို့တွင်း ရေပေးဝေမှုအခြေအနေကို ရှားတောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဦး မတ် ၂၉ရက်က စစ်ဆေးဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

ဖန်းမောက်မြို့နယ်ရှိ ကျေးရွာများ၌ ကျွဲ၊ နွားရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် ကြောင်လည်၊ မံလူ၊ မံစီ၊ မံယူကြီး၊ စာခမ်း၊ စီကတောင်၊ နားနန်းထွန်း၊ နောင်ပတ်နှင့် ဂဏန်း ရွှေကျောင်း ကျေးရွာအုပ်စုများ၌ ကျွဲ၊ နွားရောဂါမဖြစ်ပွားရေးအတွက် ဇုန်နယ်မြေများ ခွဲခြားလျက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာကာကွယ်ကုသရေး သင်တန်းဆင်းများ ပါဝင်သော အင်အား ၇၀ဖြင့် ကျေးရွာများအနှံ့ကွင်းဆင်း၍ ကြိုတင်ကာကွယ် ကုသခြင်း၊ ဟောပြောပို့ချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ကွင်းဆင်းစစ်ဆေးကာ ကျေးရွာအလိုက် ဒေသခံလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းကြည့်ရှု

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးဦးစီးဌာနမှူးများ၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဖန်းမောက်မြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ ဖန်းမောက်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့အတွင်း လှည့်လည်၍ ကျွဲ၊ နွားများ ရောဂါကာကွယ်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၇ ရက်က တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ အဖွဲ့ဝင် ၃၉ ဦး ပါဝင်သောအဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၇၇၅၂ပေရှိ အရှေ့မြင် အနောက်မြောက်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အလံနှင့် တောင်တက်အသင်းအလံတို့ကို စိုက်ထူခဲ့ကြစဉ်။ (သတင်းစဉ်)

မဟာဂီတ အဆို၊ အတီး၊ အက အခမဲ့သင်တန်း နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၌ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၆

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ဂီတအစည်းအရုံးနှင့် မြို့နယ်သဘင်ပညာရှင်များ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ဧပြီ ၂၂ ရက်မှ မေ ၃၁ ရက်အထိ မြန်မာ့အခြေခံ မဟာဂီတ အဆို၊ အတီး၊ အက အခမဲ့သင်တန်းကို ပျဉ်းမနားမြို့ အမှတ်(၄၈) နေပြည်တော်လမ်းမကြီး ယောက်သွားအင်းရပ်ကွက်ရှိ မြို့နယ်ဂီတအစည်းအရုံးတွင် ဧပြီ ၂၂ ရက်မှ စတင်၍ ဖွင့်လှစ်နေပြီဖြစ်ကြောင်း၊ သင်တန်းလက်ခံခြင်းကိုမူ ဧပြီ ၃၀ ရက်အထိ အထက်ပါရုံး၌ ဆက်လက်လက်ခံမည်ဖြစ်ကြောင်း၊သင်တန်းတွင် မြို့နယ်အတွင်းရှိ ဂီတ၊ သဘင်အစည်းအရုံးဝင် ပညာရှင်များက မဟာဂီတအဆိုနှင့် အတီးတွင် စန္ဒရား၊ တယောနှင့် ပတ္တလား၊ အကတွင် ကဗျာလွတ် အခြေခံအကများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြို့နယ်သတင်းထွေတလာ

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး ဆင့်ပွားသင်တန်း ရမ်းဗြဲ၌ဖွင့်

ရမ်းဗြဲ ဧပြီ ၂၅

မြန်မာနိုင်ငံလယ်ယာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၊ (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် မတ် ၁ ရက် နံနက် ၈ နာရီက ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူးရုံး ရမ္မာဝတီခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်မြင့်က ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်မှုကို မတ် ၂၇ ရက်က မြို့မဈေးကြီးအတွင်း ကျင်းပရာ အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၀၂)

ဧပြီ ၂၄ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဦးမြစိန်-ဒေါ်ကြည်ကြည်ဇင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် သံဃာကုဋီတစ်လုံးနှင့် သံဃာ တစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (သတင်းစဉ်)

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး ကြက်ခြံများသို့ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဧပြီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကြက်၊ ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာ သက်နိုင်မိုးတို့သည် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့်အတူ ဧပြီ ၂ ရက်က တောင်ကြီးမြို့ နမ့်ဆီးကျေးရွာ ခြောက်မိုင်တွင် မွေးမြူထားသာ ဥစားကြက်ခြံများနှင့် အသားစားကြက်ခြံများသို့ ကွင်းဆင်းစစ်ဆေး ကြည့်ရှုပြီး ကြက်ခြံပိုင်ရှင်များနှင့် တွေ့ဆုံကာ ကြက်ခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ **(အောက်ပုံ)**

ကောင်းရေတစ်သိန်းကျော်

နမ့်ဆီး ခြောက်မိုင်ရွာတွင် မွေးမြူထားသော ဥစားနှင့် အသားစားကြက်ကောင်ရေ စုစုပေါင်းမှာ တစ်သိန်းကျော်ရှိကြောင်း သိရှိရသည်။

(မွေးမြူရေးနှင့်ကုသရေး)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ခင်ဦး၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

ခင်ဦး ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့လယ်မွှောရုံ၌ အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) ညနေ ၃ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့ပေါ်လေးရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သက်ကြီးဘိုးဘွား ၉၇ ဦးအား ငွေကျပ် ၅၀၀၀ စီဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရှိရသည်။ (၀၃၇)

အင်းတော်ကြီးကန်အတွင်း ရေနေငါးမျိုးစိတ်များ ထိန်းသိမ်း

မိုးညှင်း ဧပြီ ၂၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်အတွင်း သဘာဝရေနေငါးမျိုးစိတ်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဘေးမဲ့လွှတ်ထားသော ငါးမျိုးစိတ်များ ရှင်သန်အောင်မြင်စေရန် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အင်းတော်ကြီးကန်၏ ဝန်းကျင်တွင် မျိုးပွားငါး သားပေါက်ရန်အတွက် ရာသီမရွေး ငါးမဖမ်းရနယ်မြေ သတ်မှတ်ထားရှိပြီး နှစ်စဉ်တန်ခူးလဆန်း ၁ ရက်မှ ဝါဆိုလပြည့်အထိ ဥချသားပေါက်ရာသီတွင်နန့်ရင်းခါချောင်းနှင့် အင်းရေပြင်ဆုံ တစ်ဖာလုံ ပတ်လည်၊ နန့်ဖောင်စင်ချောင်းနှင့် အင်းရေပြင်ဆုံ တစ်ဖာလုံ ပတ်လည်၊ နန့်စန်းတာချောင်းနှင့် အင်းရေပြင်ဆုံ တစ်ဖာလုံပတ်လည်တို့တွင် ငါးမဖမ်းရန်သတိပေး ဆိုင်းဘုတ်များဖြင့် စိုက်ထူထားသည်။

အင်းတော်ကြီးကန် ရေပြင်ဝန်းကျင်တွင် အဆိပ်ချငါးဖမ်းခြင်း၊ ကျဉ်စက်အသုံးပြုငါးဖမ်းခြင်း မပြုလုပ်ရန်နှင့် တားမြစ်နယ်မြေများတွင် ငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ထားပြီး ကျူးလွန်သူများအား ဥပဒေအရ အရေးယူလျက်ရှိသည်။ အင်းတော်ကြီးကန်အတွင်း ယခုအခါ ငါးမျိုးစိတ်ပေါင်း ၇၀ကျော် ရှိကြောင်း သိရှိရသည်။ **(၀၀၂)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့ရေနံသိုက်များ ခန့်မှန်းသည်ထက်စောပြီး ကုန်ခမ်းမည်လော

တိုး - ရေးသားသည်

ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်) စတင်ဖွဲ့စည်းခဲ့သည်မှာ ယခုအခါ နှစ်(၅၀) ပြည့်ပြီဖြစ်သည်။ ယင်းအခမ်းအနားကို အီရန်အစိုးရက အီရန်နိုင်ငံ တီဟီရန်မြို့၌ ဧပြီ ၁၉ ရက်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အိုပက်အဖွဲ့၏ နှစ် (၅၀)မြောက် နှစ်ပတ်လည်အခမ်းအနားမှာ (၁၆) ကြိမ်မြောက် နိုင်ငံတကာရေနံ၊ ဓာတ်ငွေ့၊ ရေနံချက်လုပ်မှုနှင့် ရေနံဓာတုပြပွဲ၏ နောက်ဆုံးနေ့နှင့် အချိန်ကိုက်နေသည်။ ကမ္ဘာ့ရေနံရောင်းဝယ်မှုတွင် အိုပက်အဖွဲ့သည် အရေးပါသည့်အဖွဲ့ဖြစ်သည်။

သတိပေး

ထိုအခမ်းအနားတွင် ဝယ်လိုအား၊ ရောင်းလိုအားတို့နှင့်စပ်လျဉ်း၍ မှန်ကန်သော နည်းလမ်းများဖြင့် ထိန်းညှိချမှတ်ပေးခြင်းအားဖြင့် အိုပက်အဖွဲ့က ကမ္ဘာ့ရေနံဈေးကွက် ပြန်လည်တည်ငြိမ်အောင် လုပ်ပေးနိုင်ကြောင်း အိုပက်အလှည့်ကျ သဘာပတိ အီရန်ရေနံဝန်ကြီး မာဆွတ်မာကာဇီမီက ပြောကြားလိုက်သည်။ ကမ္ဘာ့စွမ်းအင်ဝယ်လိုအားကို ကိုင်တွယ်ရာ၌ အိုပက်အဖွဲ့၏ အခန်းကဏ္ဍ အရေးကြီးကြောင်း၊ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့၏စည်းမျဉ်းများကို လိုက်နာရန်လိုအပ်ကြောင်းဖြင့်လည်း ၎င်းက သတိပေးသည်။

ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုနှင့် ရေနံဝယ်လိုအားများမှာ ၂၀၁၁ ခုနှစ်ကုန်တွင် ပိုမိုတက်လာဦးမည်ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီးက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

မှတည်

ရေနံဈေးနှုန်းသည် အချက်နှစ်ချက်ပေါ် မူတည်နေကြောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၃ ●

ဆော်ဒီအာရေဗျနိုင်ငံမှ ဂါဝါရေနံမြေကို ဥပမာအားဖြင့် ညှိသို့တွေ့ရှိရသည်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပထမဆုံးအကြိမ် ပေကျင်းရုပ်ရှင်ပွဲတော် အော်စကာဆုရှင်များနှင့် နာမည်ကျော် သရုပ်ဆောင်များ တက်ရောက်လာကြ။

(စာ - ၁၀)

နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ် ဘင်တန်ဝိတ်ချန်ပီယံ ဗစ်ဒါချန်ယန်က ပီရက်ဇ်အား အနိုင်ရ။ (စာ - ၁၀)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ အရောင်းဆိုင်တစ်ဆိုင်တွင် ပြသထားသည့် ယွမ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာသန်း ၃၀) တန်ဖိုးရှိ ကျောက်စိမ်းဆွဲကြိုး။

(စာ - ၄)